International IDEA — Institute for Democracy and Electoral Assistance
Edinburgh Centre for Constitutional Law
PeaceRep — Peace and Conflict Resolution Evidence Platform

# ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ဓလေ့ထုံးတမ်းနှင့် ဘာသာရေးဆိုင်ရာ ဥပဒေနှင့် ဂျန်ဒါတန်းတူညီမျှမှု

## ဖွဲ့စည်းပုံအခြေခံဥပဒေဒီဇိုင်း ညှိနှိုင်းမှုများ ပြုလုပ်ရာ၌ အခွင့်အရေးများကို ချိန်ညှိပြင်ဆင်ခြင်း

# ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ဝလေ့ထုံးတမ်းနှင့် ဘာသာရေးဆိုင်ရာ ဥပဒေနှင့် ဂျန်ဒါတန်းတူညီမျှမှု

## ဖွဲ့စည်းပုံအခြေခံဥပဒေဒီဇိုင်း ညှိနှိုင်းမှုများ ပြုလုပ်ရာ၌ အခွင့်အရေးများကို ချိန်ညှိပြင်ဆင်ခြင်း

**ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသူအမျိုးသမီးများ၏**
**တတိယအကြိမ်မြောက် နှီးနှောဆွေးနွေးပွဲ၊ ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁၈-၁၉ ရက်**

*Rhys Ainsworth*
*Sharon P. Hickey*

**International IDEA**
စတွန်းစ်ဘော့ဂ်
SE- ၁၀၃၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ်- +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် - info@idea.int
ဝဘ်ဆိုဒ်   - www.idea.int

© ၂၀၂၃ ခုနှစ် ၊ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့
© ၂၀၂၃ ခုနှစ်၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည်။

ဤစာအုပ်တွင် ပါဝင်သည့် အမြင်ရှုထောင့်များသည် International IDEA ၏ အမြင်ရှုထောင့်များကို သော်လည်းကောင်း၊ ၎င်း၏ ဘုတ်အဖွဲ့ဝင်များ (သို့) ကောင်စီဝင်များ၏ အမြင်ရှုထောင့်များကို သော်လည်းကောင်း ထင်ဟပ်ခြင်း မရှိပါ။

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အကျိုးစီးပွားကိုရှေးရှု၍ ဤသုတေသနအတွက် PeaceRep က ပံ့ပိုးကူညီပြီး UK Foreign, Commonwealth & Development Office (FCDO) မှ ယူကေနိုင်ငံ၏ အကူအညီဖြင့် ရန်ပုံငွေ ထောက်ပံ့ပေးထားသည်။ ဤစာအုပ်တွင် ပါဝင်သည့် အချက်အလက်များနှင့် အမြင်ရှုထောင့်များသည် စာရေးသူများ၏ အမြင်ရှုထောင့်များသာဖြစ်သည်။ FCDO ၏ ထင်မြင်ချက်များမဟုတ်ပါ။ ဤစာအုပ်ပါ အချက်အလက်များကို အသုံးပြုလိုပါက PeaceRep နှင့်တကွ စာရေးသူများကို အသိအမှတ်ပြုဖော်ပြရမည်။

ပြင်ပပုဂ္ဂိုလ်များ၏ ရုပ်ပုံ၊ ဓာတ်ပုံများမှအပ ဤစာအုပ်၏ အီလက်ထရွန်းနစ်ဗားရှင်းကို Creative Commons Attribution-NonCommercial-ShareAlike 3.0 (CC BY-NC-SA 3.0) လိုင်စင်ဖြင့် ရယူအသုံးပြုနိုင်ပါသည်။ စီးပွားဖြစ်မဟုတ်သော အကြောင်းရင်းများအတွက် မူရင်းဖန်တီးမှုကို လျော်ကန်စွာ အသိအမှတ်ပြုပြီး ထပ်တူညီသောလိုင်စင်ဖြင့် ဖြန့်ချိမည်ဆိုမှသာ ဤစာအုပ်အား တိုက်ရိုက်ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ပြသခြင်း နှင့် ဆင့်ပွားဖန်တီးသုံးစွဲခြင်း၊ ညှိနှိုင်းပြင်ဆင်ခြင်းတို့ ပြုလုပ်နိုင်သည်။ ပိုမိုသိရှိလိုပါက Creative Commons ဝက်ဘ်ဆိုက် <http://creativecommons.org/licenses/by-nc-sa/3.0/> တွင် ဝင်ရောက်လေ့လာနိုင်သည်။

**International IDEA**
စတွန်းစ်ဘော့ဂ်
SE - ၁၀၃၊ ၃၄ စတော့ဟုမ်း
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ် - +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် - info@idea.int
ဝဘ်ဆိုဒ် - <http://www.idea.int>

စာအုပ်ဒီဇိုင်းနှင့် စာမျက်နှာခင်းကျင်းစီစဉ်ပုံ - International IDEA

ISBN: 978-91-7671-672-4 (PDF)
DOI: <https://doi.org/10.31752/idea.2023.58>

# အသိအမှတ်ပြုလွှာ

ဤအလုပ်ရုံဆွေးနွေးပွဲနှင့် ဆိုင်ရာလုပ်ငန်းများကို စိတ်ကူးပုံဖော်၍ စီမံကျင်းပပြီး အစီရင်ခံစာ၌ ပါဝင်အားဖြည့်ပေးသော စီစဉ်သူ Erin C. Houlihan၊ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်စဉ် တစ်လျှောက်လုံး၌ ထိုးထွင်းအမြင်များ ပံ့ပိုးပေးအပ်ခဲ့ကြသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသူ အမျိုးသမီးများ၏ တတိယအကြိမ်မြောက် နှီးနှောဆွေးနွေးပွဲသို့ တက်ရောက်သူအားလုံးနှင့်တကွ စာအုပ်ထုတ်ဝေသည့် လုပ်ငန်းစဉ်အတွင်း ပါဝင်ကူညီကြသော International IDEA နှင့် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခကိုင်တွယ်ဖြေရှင်းရေး အထောက်အထားများဆိုင်ရာအဖွဲ့အစည်းပလက်ဖောင်း (PeaceRep) မှ ဝန်ထမ်းများအား ကျေးဇူးအထူးတင်ရှိပါသည်။

# မာတိကာ

**အသိအမှတ်ပြုလွှာ** ..................... IV

**နိဒါန်း** ..................... ၃

**အခန်း (၁)**

**ဆွေးနွေးပွဲအကြောင်းအရာများ - ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ဓလေ့ထုံးတမ်းနှင့် ဘာသာရေးဆိုင်ရာ ဥပဒေနှင့် ဂျန်ဒါတန်းတူညီမျှမှု** ..................... ၅

၁.၁ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လက်တွေ့ကျင့်သုံးမှုတို့အကြား ကွာဟချက် ..................... ၅

၁.၂ ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်ရေးဆွဲမှုဆိုင်ရာ ကွဲပြားမှုများနှင့် နိုင်ငံ၊ ဓလေ့ထုံးတမ်း (နှင့်/သို့မဟုတ် ဘာသာရေး) ဆိုင်ရာ ဥပဒေစနစ်များနှင့် ဂျန်ဒါတန်းတူညီမျှမှုတို့အကြား ဆက်နွှယ်မှု ..................... ၆

၁.၃ နိုင်ငံတကာဥပဒေ၏ အခန်းကဏ္ဍ ..................... ၈

၁.၄ ဓလေ့ထုံးတမ်း၏ ကောင်းကွက်ဆိုးကွက်များ ..................... ၉

၁.၅ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရာတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုနှင့် လွှမ်းမိုးမှုတို့ကို မြှင့်တင်ရန်အတွက် ဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများအား ရှင်းလင်းစေခြင်း၏ အရေးပါပုံ ..................... ၁၁

၁.၆ အကောင်အထည်ဖော်ရေးနှင့် သက်ဝင်စိုးမိုးစေရေး စိန်ခေါ်မှုများ..................... ၁၁

**အခန်း (၂)**

**ရရှိခဲ့သော သင်ခန်းစာများ - ဂျန်ဒါတန်းတူညီမျှမှုရှိရေးကို မြှင့်တင်ရန်အတွက် ညွှန့်ပေါင်းအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယဉ်ကျေးမှု ပြုပြင်ပြောင်းလဲခြင်း** ..................... ၁၄

၂.၁ ငြိမ်းချမ်းရေးညှိနှိုင်းမှုများ ပြုလုပ်ရာတွင်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အဖွဲ့အစည်းများတွင် အမျိုးသမီးများ အပြည့်အဝပါဝင်ဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးခြင်း ..................... ၁၅

၂.၂ နည်းဗျူဟာကျမိတ်ဖက်များတည်ဆောက်ခြင်း ..................... ၁၅

၂.၃ နိုင်ငံတကာဥပဒေကို အကောင်းဆုံး အသုံးချခြင်း ..................... ၁၆

၂.၄ ရိုးရာခေါင်းဆောင်မှုတွင် ပါဝင်ဆောင်ရွက်ခြင်းနှင့် ဓလေ့ထုံးတမ်းကို အမျိုးသမီး များ၏ ကောင်းကျိုးအတွက် အသုံးချခြင်း..................... ၁၇

၂.၅ ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်ကို ပျိုးထောင်၍ ဂျန်ဒါတန်းတူညီမျှမှုရှိရေးကို ဆောင်ရွက်မှုတိုင်းတွင် ထည့်သွင်းအလေးထားဆောင်ရွက်ခြင်း ..................... ၁၈

**အခန်း (၃)**

**နိဂုံး** ..................... ၂၀

**နောက်ဆက်တွဲ (က) အစီအစဉ်** ........ ၂၂

**နောက်ဆက်တွဲ (ခ) တက်ရောက်သူများစာရင်း** ........ ၂၈

**စာရေးသူများအကြောင်း** ........ ၃၀

**မိတ်ဖက်များအကြောင်း** ........ ၃၁

International IDEA ........ ၃၁

Edinburgh ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာစင်တာ ........ ၃၂

PEACEREP ........ ၃၃

# နိဒါန်း

၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁၈-၁၉ ရက်များတွင် ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA) သည် Edinburgh ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာစင်တာ (ECCL)၊ ငြိမ်းချမ်းရေးနှင့်ပဋိပက္ခ ကိုင်တွယ်ဖြေရှင်းရေး အထောက်အထားများဆိုင်ရာ အဖွဲ့အစည်းပလက်ဖောင်း (PeaceRep) တို့နှင့်အတူ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသူအမျိုးသမီးများ၏ တတိယအကြိမ်မြောက်နှစ်ပတ်လည် နှီးနှောဆွေးနွေးပွဲကို ကမကထပြု ကျင်းပခဲ့ပါသည်။ ပထမအကြိမ် 'တည်ထောင်သူအမျိုးသမီးများ - ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသူအမျိုးသမီးများနှင့် နှီးနှောဆွေးနွေးပွဲ' ကို ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် University of Edinburgh ၌ ပြုလုပ်ခဲ့သည်။ ဒုတိယအကြိမ်မြောက် နှီးနှောဆွေးနွေးပွဲဖြစ်သော 'လူမှုရေးမငြိမ်သက်မှုများကို တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်း' ကိုမူ ၂၀၂၀ ပြည့်နှစ်တွင် အွန်လိုင်းမှတစ်ဆင့် ကျင်းပခဲ့ပါသည်။

တတိယအကြိမ်မြောက် နှီးနှောဆွေးနွေးပွဲ၏ အဓိကအကြောင်းအရာမှာ 'ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ဓလေ့ထုံးတမ်းနှင့် ဘာသာရေးဆိုင်ရာဥပဒေနှင့် ဂျန်ဒါတန်းတူညီမျှမှု - ဖွဲ့စည်းပုံအခြေခံဥပဒေဒီဇိုင်း ညှိနှိုင်းမှုများပြုလုပ်ရာ၌ အခွင့်အရေးများကို ချိန်ညှိပြင်ဆင်ခြင်း' ဖြစ်သည်။ အွန်လိုင်းဖြင့် ကျင်းပပြုလုပ်ရာ အဆိုပါနှီးနှောဆွေးနွေးပွဲတွင် ကွဲပြားစုံလင်သော နောက်ခံအခြေအနေများနှင့် အတွေ့အကြုံများရှိသည့် တက်ရောက်သူ ၂၈ ဦးကို ကြိုဆိုခဲ့ကြပြီး ပဋိပက္ခနှင့် ငြိမ်းချမ်းရေး (သို့) အကူးအပြောင်းလုပ်ငန်းစဉ်တို့ကို တွေ့ကြုံခံစားနေရသည့်နိုင်ငံများမှ တက်ရောက်သူများ အထူးပါဝင်ခဲ့သည်။ ၎င်းတို့အနက် ဘိုလီးဗီးယား၊ ဘော့ဆွာနာ၊ ချီလီ၊ ကင်ညာ၊ တောင်အာဖရိက၊ တောင်ဆူဒန်၊ ဆီးရီးယားနှင့် တူနီးရှားနိုင်ငံတို့မှ ပညာရှင်များနှင့်တကွ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲတည်ဆောက်မှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် နယ်ပယ်များအပြင် ဂျန်ဒါနှင့် ဒီမိုကရေစီဆိုင်ရာ နယ်ပယ်အသီးသီးမှ နိုင်ငံတကာ အကြီးတန်းအကြံပေးပုဂ္ဂိုလ်များနှင့် ပညာရှင်များလည်းပါဝင်သည်။ တက်ရောက်သူများက အောက်ပါအကြောင်းအရာများကို ဆန်းစစ်ဆွေးနွေးခဲ့ကြသည် - (၁) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဂျန်ဒါတန်းတူညီမျှမှုရှိရေးအတွက် အာမခံထားမှုများနှင့် ဓလေ့ထုံးတမ်း (နှင့်/သို့မဟုတ် ဘာသာရေး) ဆိုင်ရာ အလေ့အထများ၊ ဥပဒေတို့အား ဖွဲ့စည်းပုံအခြေခံဥပဒေ၌ အသိအမှတ်ပြုထားမှုတို့အကြား ဟန်ချက်ညီမှုနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံ

ဥပဒေအတွင်း အသေးစိတ်ဖော်ပြထားပုံများ၊ (၂) ဖွဲ့စည်းပုံအခြေခံဥပဒေက အမျိုးသမီးများ တန်းတူညီမျှရရှိသည့် အခွင့်အရေးများကို ပုံဖော်ပေးပြီး အမျိုးသမီးများရရှိသည့် တန်းတူညီမျှမှုကို ထိရောက်စေရန် လူမှုဆိုင်ရာဂျန်ဒါဆက်နွှယ်မှုများအား အကူးအပြောင်းဖြစ်စေရာတွင် ပါဝင်ပံ့ပိုးပုံတို့အတွက် အဆိုပါဒီဇိုင်းရွေးချယ်မှုများ၏ သွယ်ဝိုက်ပတ်သက်မှုများ၊ (၃) အနာဂတ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအတွက် အခရာကျသောထိုးထွင်းသိမြင်မှုများနှင့် အခြားအသုံးပြုနိုင်သည့် ချဉ်းကပ်နည်းများ။

ဆွေးနွေးချိန် ငါးချိန်အတွင်းတွင် တက်ရောက်သူများသည် ကြောင်းကျိုးခိုင်လုံမှုရှိသော ပြဋ္ဌာန်းချက်များ၊ နိုင်ငံတကာ ဥပဒေအခြေအနေနှင့် ကြီးကြပ်ကွပ်ကဲရေး၊ စီရင်ဆုံးဖြတ်ရေး၊ စိုးမိုးမှုရှိစေရေး ယန္တရားများ၏ထိရောက်မှုတို့အပါအဝင် ဗဟုဝါဒတရားဥပဒေစနစ်အတွက်သော်လည်းကောင်း၊ ဓလေ့ထုံးတမ်း/ဘာသာရေးစနစ်များနှင့် ဂျန်ဒါတန်းတူညီမျှမှုရှိရေး၊ ခွဲခြားဆက်ဆံမှုမရှိရေး အာမခံချက်များအကြားရှိ တင်းမာမှုများကို ပြေလည်အောင်ဖြေရှင်းရာတွင်လည်းကောင်း အသုံးပြုသည့် နှိုင်းယှဉ်လေ့လာနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ချဉ်းကပ်နည်းဒီဇိုင်းများကို စူးစမ်းလေ့လာခဲ့ကြသည်။ ဆွေးနွေးမှုများတွင် နည်းပညာဆိုင်ရာအရေးကိစ္စများသာမက ဂျန်ဒါတန်းတူညီမျှမှုဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေ အာမခံချက်များကို အကောင်အထည်ဖော်ရာ၌ကြုံတွေ့ရသည့် အောင်မြင်မှုများနှင့် စိန်ခေါ်မှုများကိုလည်း ဆွေးနွေးခဲ့ကြပြီး သဟဇာတဖြစ်စေရေး၊ ပြုပြင်ပြောင်းလဲရေးနှင့် စွမ်းရည်မြှင့်တင်ရေးတို့အတွက် ဆန်းသစ်သော ချဉ်းကပ်နည်းများကိုလည်း စူးစမ်းလေ့လာခဲ့ကြပါသည်။

*မှတ်ချက်* - အောက်ဖော်ပြပါ အလုပ်ရုံဆွေးနွေးပွဲအစီရင်ခံစာသည် ဆွေးနွေးပွဲမှတ်တမ်းများသာဖြစ်ရာ တက်ရောက်သူများ၏ မူဘောင်ရေးဆွဲမှုများ၊ ကောက်ချက်ချမှုများနှင့် ချန်လှပ်မှုများပါဝင်နိုင်ပါသည်။ ထို့ပြင် ဤအစီရင်ခံစာကို ကိုယ်စားပြုနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ (သို့) ဥပဒေများနှင့် စပ်လျဉ်း၍ ပညာရပ်ပိုင်းဆိုင်ရာ စိတ်ဖြာလေ့လာချက် (သို့) ခိုင်လုံမှုရှိသော စိတ်ဖြာလေ့လာချက်အဖြစ် ရည်ရွယ်ခြင်းမရှိပါ။ နောက်ထပ်ထွက်ရှိမည့်စာအုပ်တွင် ယင်းအကြောင်းအရာနှင့် စပ်လျဉ်း၍ နက်ရှိုင်းစွာစိတ်ဖြာလေ့လာသွားမည်ဖြစ်သည်။

အခန်း (၁)

# ဆွေးနွေးပွဲအကြောင်းအရာများ – ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ဓလေ့ထုံးတမ်းနှင့် ဘာသာရေးဆိုင်ရာဥပဒေနှင့် ဂျန်ဒါတန်းတူညီမျှမှု

အောက်ပါအပိုင်းသည် နှီးနှောဆွေးနွေးပွဲသို့ တက်ရောက်သူများ၏ ဆွေးနွေးချက်များတွင် ပါဝင်သော အဓိကအချက်များကို မှတ်တမ်းပြုထားခြင်းဖြစ်ပြီး ပါဝင်ကိုယ်စားပြုသည့် အမျိုးစုံလင်သော ဓလေ့ထုံးတမ်းနှင့်ဘာသာရေးဆိုင်ရာ ဥပဒေစနစ်များတွင်တွေ့ရသည့် ဘုံအကြောင်းအရာများ (နှင့် ခြားနားချက်များ)ကို မီးမောင်းထိုးဖော်ပြထားသည်။

## ၁.၁ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လက်တွေ့ကျင့်သုံးမှုတို့ အကြားကွာဟချက်

ဆွေးနွေးပွဲ၏ အဓိကအကြောင်းအရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အာမခံချက်ပေးထားသည့် အခွင့်အရေးများနှင့် အမျိုးသမီးများနှင့် မိန်းကလေးများ၏ လက်တွေ့ဘဝအတွေ့အကြုံများအကြားရှိမြင်သာသောကွာဟချက်အကြောင်းဖြစ်သည်။ ကင်ညာနိုင်ငံမှ တက်ရောက်သူတစ်ဦးက ၂၀၁၀ ခုနှစ် ကင်ညာ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဂျန်ဒါတန်းတူညီမျှမှုရှိရေးအတွက် ထပ်ဆင့်တိုးတက်မှုရှိသော ကတိကဝတ်အချို့ကို ပြဋ္ဌာန်းထားကြောင်း အကြမ်းဖျင်းပြောကြားခဲ့သည်။ အမြင်သာဆုံးအချက်မှာ အပိုဒ် ၈၁ (ခ) တွင် နိုင်ငံအဆင့် ရွေးချယ်တင်မြှောက်ခံ အစိုးရအဖွဲ့ဝင်များ၌ ဂျန်ဒါတူဦးရေသည် သုံးချိုးနှစ်ချိုးထက် မကျော်စေရဟု ပြဋ္ဌာန်းထားသည် (အပိုဒ် ၁၇၅ တွင် ကောင်တီအစိုးရများအတွက် အဆိုပါပြဋ္ဌာန်းချက်ကိုပင် ထပ်ဆောင်းဖော်ပြထားသည်)။ ယင်းပြဋ္ဌာန်းချက်ကို လူတိုင်းအကျုံးဝင်မှု၊ တန်းတူညီမျှမှုနှင့် ခွဲခြားဆက်ဆံခြင်းကင်းမှုဆိုင်ရာ နိုင်ငံအဆင့် စံတန်ဖိုးများနှင့် အစိုးရအခြေခံမှုများကို တန်ဖိုးထားထိန်းသိမ်းရမည်ဟူသည့် အပိုဒ် ၁၀ ဖြင့် ဖြည့်စွက်ထားသည်။ အပိုဒ် ၂၇ (၈) တွင် ရွေးချယ်တင်မြှောက်ထားသည့် (သို့) ခန့်အပ်ထားသည့် အစိုးရအဖွဲ့ဝင်များ၌ ဂျန်ဒါတူ ဦးရေသည် သုံးချိုးနှစ်ချိုးထက် မကျော်စေရဟူသော အခြေခံမှုကို အကောင်အထည်ဖော်ရန်အတွက် ဥပဒေရေးရာ အရေးယူဆောင်ရွက်မှုနှင့် အခြားစီမံချက်များ ပြုလုပ်ရန် နိုင်ငံတော်အစိုးရအား အတိအလင်း ညွှန်ကြားထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ အာမခံချက်များကို ဤသို့ ခိုင်မာစွာပြဋ္ဌာန်းထားလင့်ကစား လက်တွေ့တွင်မူ ဖွဲ့စည်းပုံအခြေခံဥပဒေပါအာမခံချက်များကို အကောင်အထည်ဖော်မှုမရှိခြင်း၊ အမျိုးသမီးများ နိုင်ငံရေးရာထူးနေရာ

ရရှိရေးကို ဟန့်တားနေသည့် ယဉ်ကျေးမှုစံနှုန်းများနှင့် ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှုတို့ကို ကြောက်ရွံ့ခြင်း၊ ခြိမ်းခြောက်အကြပ်ကိုင်ခံရခြင်းတို့ကြောင့် အမျိုးသမီးများသည် ကင်ညာနိုင်ငံရေးတွင် ချောင်ထိုးခံထားရဆဲဖြစ်သည်။ ၂၀၁၂ ခုနှစ်မှစ၍ ပါလီမန်အား 'သုံးချိုးနှစ်ချိုးစည်းမျဉ်း' ကို အကောင်အထည်ဖော်ရန်နှင့် မလိုက်နာပါက ပါလီမန်ဖျက်သိမ်းမည်ဟု တရားရုံးဆုံးဖြတ်ချက်များဖြင့် ညွှန်ကြားခဲ့သည်။ သို့သော် ၂၀၁၇ ခုနှစ်၌ ကင်ညာနိုင်ငံ၏ အမျိုးသားလွှတ်တော်တွင် အမျိုးသမီးဦးရေ ၂၁ ရာခိုင်နှုန်းအထိသာရှိပြီး အထက်လွှတ်တော်တွင်မူ ၃၁ ရာခိုင်နှုန်းအထိ ရှိခဲ့သည်။

တောင်ဆူဒန်နိုင်ငံမှ တက်ရောက်သူတစ်ဦးက ၂၀၁၁ ခုနှစ် တောင်ဆူဒန်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် ၁၄ ပါ ဂျန်ဒါတန်းတူညီမျှမှုရှိရေး အပိုဒ်ငယ်သည် ပြဋ္ဌာန်းချက်စာသားများနှင့် လက်တွေ့ကျင့်သုံးမှုတို့အကြား ကွာဟချက်ကိုဖြည့်ဆည်းပေးခြင်းမရှိကြောင်း ပြောကြားခဲ့သည်။ ဆူဒန်နိုင်ငံ၏ ဥပဒေရေးရာ ယဉ်ကျေးမှု၌ ဓလေ့ထုံးတမ်းသည် အရေးပါသော အခန်းကဏ္ဍတစ်ခုတွင်ရှိနေပြီး တက်ရောက်သူ၏အဆိုအရ ထိုအချက်ကြောင့်ပင် ဂျန်ဒါတန်းတူညီမျှမှုရှိရေးနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်သော အလေ့အထများ ဖြစ်ပေါ်လာသည်။ ဥပမာအားဖြင့် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် ၁၆ တွင် မြေယာပိုင်ဆိုင်မှုနှင့် အမွေဆက်ခံမှုဆိုင်ရာကိစ္စများ၌ ဂျန်ဒါတန်းတူညီမျှမှုရှိရေးကို အသိအမှတ်ပြုထားသော်လည်း တိုင်းရင်းသားနှင့်ယဉ်ကျေးမှုဆိုင်ရာ အသိုက်အဝန်းများ၏ အခွင့်အရေးများအပြင် ၎င်းတို့၏ 'ဓလေ့ထုံးတမ်းများနှင့် ယဉ်ကျေးမှုများ' ကိုလည်း အသိအမှတ်ပြုထား (အပိုဒ် ၃၃) လေရာ အမျိုးသမီးများ၏ အိမ်ခြံမြေပိုင်ဆိုင်ခွင့်ကို ရှုံးနိမ့်စေမည့် ဓလေ့ထုံးတမ်းကို ခွင့်ပြုထားသည်။ အဆိုပါတက်ရောက်သူက လိင်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းမှုနှင့် အတူနေလက်တွဲဖော်၏ အကြမ်းဖက်ခံရမှုတို့သည် အမျိုးသမီးများ ၎င်းတို့၏အခွင့်အရေးများကို အပြည့်အဝ ရရှိခံစားရရေးအတွက် အဟန့်အတားဖြစ်နေကြောင်း တင်ပြခဲ့သည်။ အဓမ္မပြုကျင့်မှု၊ လိင်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းမှုတို့၏ ဥပဒေရေးရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် အားနည်းဝေဝါးနေပြီး အိမ်ထောင်ဖက်၏ အဓမ္မပြုကျင့်ခံရမှုသည် ရာဇဝတ်မှုမဟုတ်ပါ။ ဂျန်ဒါတန်းတူညီမျှမှုရှိရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အာမခံချက်များ ပေးထားသော်လည်း တစ်ဖက်တွင်မူ အတူနေလက်တွဲဖော်၏ အကြမ်းဖက်ခံရမှုအတွက် ဒဏ်ခတ်အပြစ်ပေးမှုမရှိခြင်းနှင့် ထိခိုက်နစ်နာစေသော ယဉ်ကျေးမှုအလေ့အထများကို သည်းခံခွင့်လွှတ်ခြင်းတို့အကြား ကွာဟမှုရှိခြင်းကြောင့် အမျိုးသမီးများနှင့် မိန်းကလေးများသည် မိမိတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများကို အပြည့်အဝ ခံစားနိုင်ခြင်းမရှိပါ။

ဓလေ့ထုံးတမ်းသည် အရေးပါသော အခန်းကဏ္ဍ တစ်ခုတွင်ရှိနေပြီး တက်ရောက်သူ၏ အဆိုအရ ထိုအချက်ကြောင့်ပင် ဂျန်ဒါတန်းတူညီမျှမှုရှိရေးနှင့် လုံးဝဆန့်ကျင်ဘက် ဖြစ်သော အလေ့အထများ ဖြစ်ပေါ်လာသည်။

## ၁.၂ ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်ရေးဆွဲမှုဆိုင်ရာ ကွဲပြားမှုများနှင့် နိုင်ငံ၊ ဓလေ့ထုံးတမ်း (နှင့်/သို့မဟုတ် ဘာသာရေး) ဆိုင်ရာ ဥပဒေစနစ်များနှင့် ဂျန်ဒါတန်းတူညီမျှမှုတို့အကြား ဆက်နွယ်မှု

နိုင်ငံ၏ဥပဒေစနစ်များ၊ ဓလေ့ထုံးတမ်း (နှင့်/သို့မဟုတ် ဘာသာရေး) ဆိုင်ရာ ဥပဒေစနစ်များ၊ ဂျန်ဒါတန်းတူညီမျှမှုတို့အကြား ဆက်နွယ်မှုနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း မူဘောင်ရေးဆွဲထားပုံသည် အမျိုးသမီးများနှင့် မိန်းကလေးများ၏ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခြေအနေများအတွက် အထူးအရေးပါသည်။ စနစ်မတူပါက အဆိုပါ တင်းမာမှုကို ပြေလည်အောင် ဖြေရှင်းနိုင်မည့် ချဉ်းကပ်နည်းများနှင့် ယင်းစနစ်များ၏ အပြန်အလှန်

ချိတ်ဆက်ပုံအား ဖော်ဆောင်သည့် ချဉ်းကပ်နည်းများသည် ကွဲပြားကြသည်။ ဘာသာရေးကို အခြေမခံသော နိုင်ငံများအပါအဝင် ဗဟုဝါဒကျင့်သုံးသည့် လူမှုအဖွဲ့အစည်းများ၌ နိုင်ငံအခြေပြုစနစ် (သို့) 'တရားဝင်' စနစ်နှင့် နိုင်ငံအတွင်းရှိ အုပ်စုအမျိုးမျိုး၏ ထုံးတမ်း (သို့) ဘာသာရေးဆိုင်ရာစနစ်များတွင် ခြားနားချက်အချို့ရှိသည်။ ယေဘုယျကျင့်သုံးသော ချဉ်းကပ်နည်းမှာ တစ်မျိုးတည်းရှိ၍ ဂိုဏ်းဂဏစွဲကင်းသော ဥပဒေစနစ်ဖြင့် လူနည်းစုအုပ်စုများအတွက် လိုက်လျောမှုနှင့် ကာကွယ်စောင့်ရှောက်မှုတို့ ပေးသောနည်းဖြစ်သည်။ အဓိကတွေ့ရသော ပြဿနာမှာ လူများစု၏ ဂျန်ဒါ တန်းတူညီမျှရေး အယူအဆနှင့် ကိုက်ညီမှုမရှိသည့် လူနည်းစု၏ ဓလေ့ထုံးတမ်းနှင့်ဘာသာရေးဆိုင်ရာစနစ်ပါ အစိတ်အပိုင်းများအတွက် ခွင့်လွှတ်သည်းခံမှုနှင့် လိုက်လျောမှုဆိုင်ရာ ကန့်သတ်ဘောင်များကို သတ်မှတ်ရာတွင် ကြုံတွေ့ရခြင်းဖြစ်သည်။ အခြားသော အခြေအနေများ၌ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တစ်စိတ်တစ်ပိုင်း ပေါင်းစပ်ခြင်းအားဖြင့် တန်းတူညီမျှ ရပ်တည်လျက် အပြိုင်လည်ပတ်လုပ်ဆောင်ရန်အလို့ငှာ စနစ်နှစ်ခုစလုံး (သို့) စနစ်ပေါင်းစုံကို လက်ခံကျင့်သုံးရန် ကြိုးပမ်းမှုလည်း ရှိသည်။ အဆိုပါအခြေအနေမျိုးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဓလေ့ထုံးတမ်း နှင့်/သို့မဟုတ် ဘာသာရေးဆိုင်ရာစနစ်၏ ဥပဒေပိုင်နက်ကို တရားဝင်အသိအမှတ်ပြုလျက် ၎င်းအား နိုင်ငံအခြေပြုဥပဒေစနစ်နှင့်အတူ ယှဉ်တွဲတည်ရှိစေပါသည်။ ဤသို့အားဖြင့် တူညီသော ပထဝီဝင်နယ်နိမိတ်အတွင်းလည်ပတ်နေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသိအမှတ်ပြုခံထားရသော်လည်း ဂျန်ဒါ တန်းတူညီမျှရှိရေးအတွက် ဝိရောဓိဖြစ်နေသည့် အပြိုင်စနစ်များနှင့် အဖွဲ့အစည်းများကို ထွက်ပေါ်လာစေနိုင်သည်။

အလွန်အရေးကြီးသည့် ပြဿနာတစ်ရပ်မှာ လူ့အခွင့်အရေးများ၊ တန်းတူညီမျှမှုဆိုင်ရာ အခွင့်အရေးများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အာမခံချက်များနှင့် ထုံးတမ်း (သို့) ဘာသာရေးအရ ဝိရောဓိဖြစ်နေသည့် ဥပဒေများ၏ ရပ်တည်မှုအဆင့်ဆင့်နှင့် ဆက်စပ်နေသည်။ နီးနှော ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ၌ ဥပဒေစနစ်များအကြား ပေါ်ပေါက်လာနိုင်သည့် ဝိရောဓိဖြစ်မှုများနှင့် ပဋိပက္ခများအား ပြေလည်အောင် ဖြေရှင်းထားပုံများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။ ကင်ညာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပဋိပက္ခများကို စီမံခန့်ခွဲသည့် နည်းလမ်းတစ်ရပ်အနေဖြင့် အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ ရိုးရာယန္တရားများကို အသိအမှတ်ပြု မြှင့်တင်ထားသည်။ သို့သော် အပိုဒ် ၁၅၉ (၃) ၌ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ ရိုးရာယန္တရားများကို အသုံးပြုခြင်းသည် (က) နိုင်ငံသားတို့၏ အခြေခံရပိုင်ခွင့်များကို ချိုးဖောက်နေလျှင်ဖြစ်စေ၊ (ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိလျှင်ဖြစ်စေ၊ သို့မဟုတ် (ဂ) တရားမျှတမှု (သို့) လူ့ကျင့်ဝတ်ကို ဆန့်ကျင်နေလျှင်ဖြစ်စေ၊ တရားမျှတမှု (သို့) လူ့ကျင့်ဝတ်ကို ဆန့်ကျင်သည့် ရလဒ်များထွက်ပေါ်စေလျှင်ဖြစ်စေ ၎င်းတို့အားအသုံးပြုမှုကိုကန့်သတ်ရန် အတိအလင်း ပြဋ္ဌာန်းထားသည်။

အလွန်အရေးကြီးသည့် ပြဿနာတစ်ရပ်မှာ လူ့အခွင့်အရေးများ၊ တန်းတူညီမျှမှုဆိုင်ရာ အခွင့်အရေးများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အာမခံချက်များနှင့် ထုံးတမ်း (သို့) ဘာသာရေးအရ ဝိရောဓိဖြစ်နေသည့် ဥပဒေများ၏ ရပ်တည်မှုအဆင့်ဆင့်နှင့် ဆက်စပ်နေသည်။

ဘော့ဆွာနာနိုင်ငံ၏ ၁၉၆၆ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ ၁၅ တွင် တွေ့ရသော ခွဲခြားဆက်ဆံမှုတားမြစ်ချက်ကို 'ကန့်သတ်ချက်ရှိသော ခွဲခြားဆက်ဆံမှု' (သို့) 'ပြန်လည်ရုပ်သိမ်းနိုင်ခွင့်' ဆိုင်ရာ အပိုင်ငယ်ဖြင့် ကန့်သတ်ထားပြီး 'မွေးစားခြင်း၊ ထိမ်းမြားလက်ထပ်ခြင်း၊ ကွာရှင်းခြင်း၊ မြေမြှုပ်သင်္ဂြိုဟ်ခြင်း၊ သေဆုံးပြီးနောက် ပိုင်ဆိုင်မှုပစ္စည်းများကို အမွေခွဲဝေပေးခြင်း (သို့) အခြားသော ပုဂ္ဂိုလ်ရေးဥပဒေဆိုင်ရာ အရေးကိစ္စများ' ကို ဖော်ညွှန်းသည့် ဥပဒေအားလုံးအတွက် ကင်းလွတ်ခွင့်ပေးထားသည်။ သို့သော် ၂၀၁၂ ခုနှစ်၏ အထင်ကရဖြစ်သော ဘော့ဆွာနာတရားရုံးချုပ်

စီရင်ထုံးက ခွဲခြားဆက်ဆံမှုပါဝင်သည့် အမွေခွဲဝေမှုဆိုင်ရာ အလေ့အထများကို ထိထိရောက်ရောက် အဆုံးသတ်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၃ တွင် ပြဋ္ဌာန်းထားသော ဥပဒေအရ ပုဒ်မ ၁၅ ပါ ‘ပြန်လည်ရုပ်သိမ်းနိုင်ခွင့်’ ဆိုင်ရာ အပိုဒ်ငယ်သည် တန်းတူညီမျှဖြစ်ခွင့်နှင့်ယှဉ်လျှင် အရေးမပါလှ ကြောင်း သက်သေထူခဲ့သည်။ *Mmusi v. Ramantele* အမှုကိစ္စအတွက် တရားရုံးချုပ်စီရင်ထုံးကို အတည်ပြုရာ၌ ဘော့ဆွာနာအယူခံရုံးသည် ၂၀၁၃ ခုနှစ်တွင် ဓလေ့ထုံးတမ်းဆိုင်ရာ လွတ်ငြိမ်းခွင့် များကို ‘လျစ်လျူရှုထားခြင်း မရှိကြောင်း’ ထုတ်ပြန်ခဲ့သည်။ ပုဒ်မ ၃ သည် ပင်မလွှမ်းခြုံမှုရှိသော ပုဒ်မမျိုးဖြစ်သည့်အတွက် ပုဒ်မ ၁၅ ပါ လွတ်ငြိမ်းခွင့်များကို ယင်းပုဒ်မ ၃ တွင် ပြဋ္ဌာန်းထားသော အခြေခံအခွင့်အရေးနှင့် လွတ်လပ်ခွင့်ဆိုင်ရာ ကန့်သတ်ချက်များအား ခွင့်ပြုထားသည့် စံသတ် မှတ်ချက်များနှင့်ယှဉ်၍ စစ်ဆေးရမည်ဖြစ်ကြောင်း စီရင်ချက်ချမှတ်ခဲ့သည် - ‘၎င်းတို့သည် လူတစ်ဦး ချင်းစီ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များက အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့် များကို ထိခိုက်နစ်နာစေခြင်းမရှိစေရန် ရည်ရွယ်လျက်ဖြစ်စေ၊ အများပြည်သူ၏ အကျိုးစီးပွားကို ရှေးရှုလျက်ဖြစ်စေ ယုတ္တိတန်ပြီး ကျိုးကြောင်းခိုင်လုံမှုရှိရမည်။’ ယင်းတရားရုံးက အမျိုးသမီးတစ်ဦး အား ၎င်း၏ ဂျန်ဒါဖြစ်တည်မှုအပေါ်အခြေခံ၍ မတရားသဖြင့် ခွဲခြားဆက်ဆံထားသည့် မည်သည့် ဓလေ့ထုံးတမ်းဥပဒေမဆိုသည် ‘လူသားချင်းစာနာထောက်ထားမှု၊ လူ့ကျင့်ဝတ် (သို့) သဘာဝတရား မျှတမှု’ တို့နှင့်သော်လည်းကောင်း၊ ‘တရားမျှတမှု၊ သာတူညီမျှမှု၊ စိတ်ကောင်းစေတနာရှိမှုဆိုင်ရာ အခြေခံမှုများ’ နှင့်သော်လည်းကောင်း ကိုက်ညီခြင်းမရှိကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။

၂၀၁၂ ခုနှစ် ဆီးရီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အပိုဒ် ၃ တွင် အစ္စလာမ်ဘာသာကို နိုင်ငံတော်သမ္မတ ကိုးကွယ်ရာဘာသာအဖြစ် အသိအမှတ်ပြုထားပြီး နိုင်ငံတော်အနေဖြင့် ကိုးကွယ် ယုံကြည်ရာဘာသာအားလုံးကို အကာအကွယ်ပေးရမည်ဟု ပြဋ္ဌာန်းထားသည့်အပြင် ဘာသာရေး အသိုက်အဝန်းများ၏ ပုဂ္ဂိုလ်ရေးအခြေအနေကို အကာအကွယ်ပေးပြီး လေးစားမှုရှိရမည်’ ဟု ပြဋ္ဌာန်းထားသည်။ တက်ရောက်သူတစ်ဦးက ပုဂ္ဂိုလ်ရေးအခြေအနေဆိုင်ရာ ဥပဒေများ (ဥပမာ ထိမ်းမြားလက်ထပ်ခြင်း၊ အမွေဆက်ခံခြင်း၊ ကွာရှင်းခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ထောက်ပံ့ စရိတ်ပေးခြင်း) တွင် ဖိုဝါဒကြီးစိုးမှုများ နက်ရှိုင်းစွာပါဝင်နေပြီး အမျိုးသမီးများကို ထိခိုက်နစ်နာစေ ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတကာနှင့် ဒေသတွင်း မူဘောင်အများစု၌ ခွဲခြားဆက်ဆံမှုရှိသော ဓလေ့ထုံးတမ်းနှင့် ဘာသာရေးဆိုင်ရာ စည်းမျဉ်းများနှင့် အလေ့အထများထက် အမျိုးသမီးများနှင့် မိန်းကလေးများ၏ တန်းတူညီမျှ အခွင့်အရေးများကို ဥပဒေအရ ဦးစားပေးသင့်ကြောင်း ရှင်းလင်းစွာဖော်ပြထားသည်။

## ၁.၃ နိုင်ငံတကာဥပဒေ၏ အခန်းကဏ္ဍ

စာချုပ်များ၊ သဘောတူညီချက်များနှင့် တရားရုံးစီရင်ထုံးများအပါအဝင် နိုင်ငံတကာနှင့် ဒေသတွင်း မူဘောင်အများစု၌ ခွဲခြားဆက်ဆံမှုရှိသော ဓလေ့ထုံးတမ်းနှင့် ဘာသာရေးဆိုင်ရာ စည်းမျဉ်းများနှင့် အလေ့အထများထက် အမျိုးသမီးများနှင့် မိန်းကလေးများ၏ တန်းတူညီမျှ အခွင့် အရေးများကို ဥပဒေအရဦးစားပေးသင့်ကြောင်းနှင့် နိုင်ငံတကာဥပဒေ၌ အာမခံချက်ပေးထားသော လူ့အခွင့်အရေးများ (ဥပမာ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး ဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (CEDAW) ၏ အပိုဒ် ၂ နှင့် အပိုဒ် ၅၊ ကုလသမဂ္ဂ အပြည်ပြည် ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ် ၂) ကို ထိပါးရန် (သို့) ကန့်သတ်ရန်အတွက် ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားစုံလင်မှုကို အသုံးချနိုင်မည်မဟုတ်ကြောင်း ရှင်းလင်းစွာဖော်ပြထား သည်။ ဤအချက်က ဒေသခံတိုင်းရင်းသားဆိုင်ရာ၊ ဓလေ့ထုံးတမ်းနှင့် ဘာသာရေးဆိုင်ရာစနစ် များ၌ ခွဲခြားဆက်ဆံခံရသည့် ရှုထောင့်ကဏ္ဍများကို အတွင်းမှပြုပြင်ပြောင်းလဲရန်နှင့် ဖွဲ့စည်းပုံ

အခြေခံဥပဒေအရ အသိအမှတ်ပြုခြင်းကြောင့် လူမှုစီးပွားရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေး အဝန်းအဝိုင်းများရှိ အမျိုးသမီးများ၏ လက်လွှတ်ဆုံးရှုံးရမှုကို အမြစ်တွယ်စေခြင်းမရှိစေရန် လိုအပ်ချက်များနှင့် ကိုက်ညီပါသည်။

၂၀၀၉ ခုနှစ် ဘိုလီးဗီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာဥပဒေများနှင့် စံချိန်စံညွှန်းများကို အသိအမှတ်ပြုကျင့်သုံးနိုင်စေရန်အတွက် ခိုင်လုံသောမူဘောင်တစ်ရပ်ကို ရေးဆွဲထားသည်။ အပိုဒ် ၁၃ (၄) တွင် ဥပဒေပြုလွှတ်တော်က အတည်ပြုလက်မှတ်ရေးထိုးထားသည့် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာစာချုပ်များနှင့် သဘောတူညီချက်များသည် နိုင်ငံ့ဥပဒေအပေါ် လွှမ်းမိုးမှုရှိကြောင်း ပြဋ္ဌာန်းထားသည်။ အပိုဒ် ၂၅၆ တွင်မူ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ စာချုပ်များနှင့်အညီ ဖော်ဆောင်ရမည်ဖြစ်ပြီး 'ပိုမိုလျော်ကန်မှုရှိသော' လူ့အခွင့်အရေးများပါဝင်ပြီး လက်မှတ်ရေးထိုးခြင်းနှင့်/ သို့မဟုတ် အတည်ပြုခြင်း ပြုလုပ်ထားသည့်စာချုပ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်းအာမခံချက်ပေးထားသည့် အခွင့်အရေးများထက်ပို၍ ကျင့်သုံးကြကြောင်း ထပ်ဆောင်းဖော်ပြထားသည်။

အခြားနိုင်ငံများကမူ နိုင်ငံတကာဥပဒေအပေါ် အခြေခံသည့်ဆွေးနွေးချက်များအား လိုလိုလားလားလက်ခံနိုင်မှု ပိုနည်းကောင်းပိုနည်းနိုင်သည်။ သို့သော် နိုင်ငံတကာနှင့် ဒေသတွင်းဆိုင်ရာဥပဒေများ၊ စံနှုန်းများနှင့် စံချိန်စံညွှန်းများသည် နိုင်ငံ၏ ဂျန်ဒါတန်းတူညီမျှမှုရှိရေး ကတိပြုချက်များ အထမြောက်စေရန် ပံ့ပိုးရာတွင် သိသိသာသာဖိအားပေး မြှင့်တင်ပေးနိုင်သည်။ နိုင်ငံတကာဥပဒေနှင့်စပ်လျဉ်း၍ အယူခံဝင်မှုများ၏ သက်ရောက်မှုသည် နိုင်ငံ၏ဥပဒေစနစ်၊ အဖွဲ့အစည်းများနှင့် တရားရုံးတို့က နိုင်ငံတကာဥပဒေကျင့်သုံးမှုအား အသိအမှတ်ပြုသည့် အတိုင်းအတာ (ပြည်တွင်းဥပဒေနှင့် နိုင်ငံတကာဥပဒေတို့ကို တစ်သားတည်းကျင့်သုံးသောနိုင်ငံများနှင့် သီးခြားစီကျင့်သုံးသောနိုင်ငံများ) နှင့် ဥပမာ ဆီလျော်ကိုက်ညီမှုမရှိသောဥပဒေကို ပြန်လည်ပြင်ဆင်၍သော်လည်းကောင်း၊ သက်ဆိုင်ရာတရားရုံးစီရင်ချက်ကို စိုးမိုးသက်ဝင်စေ၍သော်လည်းကောင်း နိုင်ငံအနေဖြင့် အကောင်အထည်ဖော်မည့် ကတိပြုချက်တို့အပေါ်မူတည်ကာ လျော့နည်းနိုင်သည်။

## ၁.၄ ဓလေ့ထုံးတမ်း၏ ကောင်းကွက်ဆိုးကွက်များ

ဓလေ့ထုံးတမ်း နှင့်/သို့မဟုတ် ဘာသာရေးဆိုင်ရာ ဥပဒေအပါအဝင် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများအား အသိအမှတ်ပြု၍ ကာကွယ်စောင့်ရှောက်ခြင်းသည် တစ်ခါတစ်ရံတွင် အတိတ်က မတရားမှုများကို ဖြေရှင်းရာ၊ နိုင်ငံရေးဖြေရှင်းချက်ကို ခိုင်မာစေရာနှင့် ပြန်လည်ပြင်ဆင်ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ စနစ်နှင့် စပ်လျဉ်း၍ လူမှုအဖွဲ့အစည်း၏ ဘုံသဘောတူညီမှုကို ကျယ်ကျယ်ပြန့်ပြန့် ရယူရာတို့တွင် လွန်စွာအရေးပါသည်။

တက်ရောက်သူများက ဓလေ့ထုံးတမ်းဥပဒေ၏ တန်ဖိုးအား ပစ်ပယ်မထားရန် အရေးကြီးကြောင်းကိုလည်း အလေးပေးပြောကြားခဲ့ကြသည်။ ဓလေ့ထုံးတမ်းနှင့်/ သို့မဟုတ် ဘာသာရေးဆိုင်ရာ ဥပဒေအပါအဝင် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများအား အသိအမှတ်ပြု၍ ကာကွယ်စောင့်ရှောက်ခြင်းသည် တစ်ခါတစ်ရံတွင် အတိတ်ကမတရားမှုများကို ဖြေရှင်းရာ၊ နိုင်ငံရေးဖြေရှင်းချက်ကို ခိုင်မာစေရာနှင့် ပြန်လည်ပြင်ဆင်ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ စနစ်နှင့်စပ်လျဉ်း၍ လူမှုအဖွဲ့အစည်း၏ ဘုံသဘောတူညီမှုကို ကျယ်ကျယ်ပြန့်ပြန့်ရယူရာတို့တွင် လွန်စွာအရေးပါသည်။ ထိုအခါမျိုး၌ ဘာသာရေးနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ လှုပ်ရှားဆောင်ရွက်သူများသည် အခရာကျနိုင်သည်။ ဝိသေသဆိုင်ရာ ပြဿနာများနှင့် ကိုယ်ပိုင်စီမံအုပ်ချုပ်ခွင့်ရရှိရေး တောင်းဆိုချက်များကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရသည့်အခါတွင်ဖြစ်စေ၊ လုပ်ငန်းစဉ်က ကိုလိုနီစနစ်(နှောင်းပိုင်း) သို့မဟုတ် အာဏာရှင်စနစ်အောက် နေထိုင်ရခြင်းကဲ့သို့ အားလုံးအကျုံး

ဝင်ခြင်းမရှိဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စီမံအုပ်ချုပ်ရသည့် ကာလအလွန်တွင် နိုင်ငံရေးအသိုက်အဝန်းကို (ပြန်လည်)ထူထောင်ရန် (သို့) (ပြန်လည်)တရားဝင်ဖြစ်စေရန် ရည်ရွယ်ရာအခါမျိုးတွင် ဖြစ်စေ အသိအမှတ်ပြုမှုရရှိရေးသည် အထူးဆီလျော်ပါသည်။ အထူးသဖြင့် ဌာနေတိုင်းရင်းသားများနှင့် အခြားသော တိုင်းရင်းသားလူမျိုးများအနက် ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း အသိအမှတ်ပြုခြင်းသည် ရိုးရာအသိပညာများကို ကာကွယ်ထိန်းသိမ်းရာတွင်နှင့် (မိမိနယ်မြေကို) ကိုယ်ပိုင်အုပ်ချုပ်ခွင့်အား ကျင့်သုံးရာတို့တွင် အခြေခံကျပါသည်။ မကြာသေးမီကပြုလုပ်ခဲ့သော ဘိုလီးဗီးယား၊ အီကွေဒေါ၊ ကင်ညာ၊ စမိုအာနှင့် တွန်ဂါနိုင်ငံတို့မှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် ချီလီနှင့် တောင်ဆူဒန်နိုင်ငံတို့မှ လက်ရှိလုပ်ငန်းစဉ်များ၌ တွေ့ရှိခဲ့ရသည့် အတွေ့အကြုံများအရ အဆိုပါအရေးကိစ္စသည် လက်တင်အမေရိက၊ အာဖရိက၊ အာရှနှင့် ပစိဖိတ်ဒေသများရှိ နိုင်ငံအချို့အတွက် ဆထက်တိုး၍ အရေးပါလာသည်။

သို့သော်လည်း ဓလေ့ထုံးတမ်းနှင့် ဘာသာရေးဆိုင်ရာ စနစ်များစွာတွင် အမျိုးသမီးများနှင့် မိန်းကလေးများကို ခွဲခြားဆက်ဆံသည့် (သို့) ၎င်းတို့၏ လူ့အခွင့်အရေးများကို ချိုးဖောက်သည့် စံနှုန်းများ၊ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် အင်စတီကျူးရှင်းများ ပါဝင်နေသည်။ တင်းမာမှုအဖြစ်များသည့် နယ်ပယ်များမှာ ပုဂ္ဂိုလ်ရေးအခြေအနေဆိုင်ရာ ကိစ္စရပ်များ (ဥပမာ ထိမ်းမြားလက်ထပ်ခြင်း၊ ကွာရှင်းခြင်း၊ အမွေဆက်ခံခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ထောက်ပံ့စရိတ်ပေးခြင်း)၊ အမျိုးသမီးများအနေဖြင့် ပိုင်ဆိုင်မှုပစ္စည်းများကို အမွေဆက်ခံနိုင်မှု၊ ရရှိနိုင်မှု၊ စီမံနိုင်မှု၊ ထိန်းချုပ်နိုင်မှု၊ အသုံးပြုနိုင်မှုနှင့် လွှဲပြောင်းနိုင်မှုနှင့် မိသားစုတွင်း အကြမ်းဖက်ခံရမှု၊ အိမ်ထောင်ဖက်၏ အဓမ္မပြုကျင့်ခံရမှု နှင့်/သို့မဟုတ် အမျိုးသမီးအင်္ဂါ ဖြတ်တောက်ခံရမှုတို့အား လက်သင့်ခံမှုအဆင့်ဆင့်၊ ဂုဏ်သိက္ခာအယူအဆတို့နှင့် စပ်လျဉ်းသော အမျိုးသမီးများ၏ ရုပ်ပိုင်းဆိုင်ရာ တည်ကြည်မှု၊ သိက္ခာတရား၊ ဘေးကင်းလုံခြုံမှုတို့နှင့် ဆက်စပ်နေသည်။ အကြီးအကဲများ (သို့) ဦးဆောင်မှုကောင်စီများကဲ့သို့ ဓလေ့ထုံးတမ်း (နှင့် ဘာသာရေး) အင်စတီကျူးရှင်းများတွင် အမျိုးသမီးများအား ရာထူးအာဏာများနှင့် ဆုံးဖြတ်ချက်ချမှတ်နိုင်မည့် တာဝန်များမပေးဘဲ ချန်လှပ်ထားသည်။ အလားတူပင် ဓလေ့ထုံးတမ်းနှင့် ဘာသာရေးဆိုင်ရာ အငြင်းပွားမှုဖြေရှင်းရေးစနစ်များနှင့် ချဉ်းကပ်နည်းများတွင်လည်း အမျိုးသမီးများနှင့် မိန်းကလေးများကို ခွဲခြားဆက်ဆံခြင်း (သို့) ထိခိုက်နစ်နာစေခြင်းတို့ ရှိနေနိုင်သည်။

တက်ရောက်သူအချို့က လူ့အခွင့်အရေးဆိုင်ရာ အခြေခံမှုများပါဝင်ပြီး ဥပဒေရေးရာနှင့် လူမှုယဉ်ကျေးမှုဆိုင်ရာရှုထောင့်မှ ပြောင်းလဲမှုပြုလုပ်ရန် ဆော်သြစည်းရုံးရာတွင် အသုံးများသည့် အာဖရိကရှိ ubuntu အယူအဆအပါအဝင် အမျိုးသမီးများ၏ အခွင့်အရေးများကို မြှင့်တင်ရာတွင် အသုံးပြုနိုင်၍ အသုံးပြုလျက်ရှိသည့် ဓလေ့ထုံးတမ်းဆိုင်ရာရှုထောင့်များကို ဖော်ထုတ်ခဲ့ကြသည်။ ဘော့ဆွာနာနိုင်ငံမှ တက်ရောက်သူတစ်ဦးက ဓလေ့ထုံးတမ်းဥပဒေကို သူမအကျိုးအတွက် အသုံးချခဲ့ပြီး ဂျန်ဒါတန်းတူညီမျှမှု မြှင့်တင်ရေးအတွက်လည်း ဆော်သြစည်းရုံးခဲ့ပုံကို ဝေမျှခဲ့သည်။ ‘အနောက်တိုင်းဆန်သူ’ (သို့) ‘၎င်း၏ ယဉ်ကျေးမှုအား လေးစားခြင်းမရှိသူ’ ဟု စွပ်စွဲပြောဆိုချက်များနှင့်စပ်လျဉ်း၍ သူမသည် ရိုးရာခေါင်းဆောင်များထံ ချဉ်းကပ်ခဲ့ပြီး ဂျန်ဒါအားလုံးအကျုံးဝင်သော ဓလေ့ထုံးတမ်းဥပဒေတွင် လျစ်လျူရှုခံခဲ့ရသည့်နယ်ပယ်များကို ညွှန်းပြလျက် ခွဲခြားဆက်ဆံမှုရှိသောဥပဒေများက ဓလေ့ထုံးတမ်းကိုချိုးဖောက်နေကြောင်း ထောက်ပြခဲ့သည်။ ယင်းတက်ရောက်

သူက ဓလေ့ထုံးတမ်းများသည် တညီတညွတ်တည်း ခွဲခြားဆက်ဆံခြင်းမရှိသည့်အတွက် မည်သည့် ဓလေ့ထုံးတမ်းများအား အလေးထားရန်နှင့်စပ်လျဉ်း၍ စိစစ်ရွေးချယ်မှု မပြုလုပ်ရန်အတွက် အကြီးအကဲများနှင့် ရိုးရာကောင်စီများအားတိုက်တွန်းရန် အရေးကြီးကြောင်း အတည်ပြုခဲ့သည်။ အခြားသော တက်ရောက်သူတစ်ဦးက ကင်ညာနိုင်ငံ၌ ၂၀၁၁ ခုနှစ်တွင် ဖြစ်ပျက်ခဲ့သည့် *Monica Jesang Katam v. Jackson Chepkwony* အမှုကိစ္စအကြောင်း ပြောကြားခဲ့သည်။ ယင်းအမှုတွင် တရားရုံးက အမွေဆက်ခံမှုဆိုင်ရာ အကြောင်းကိစ္စများအတွက် အမျိုးသမီးနှစ်ဦး ထိမ်းမြားလက်ထပ်ခြင်းသည် တရားဝင်ဖြစ်ကြောင်း အသိအမှတ်ပြုရာ၌ ဓလေ့ထုံးတမ်းဥပဒေကို အမှီပြုခဲ့သည်။

## ၁.၅ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရာတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုနှင့် လွှမ်းမိုးမှုတို့ကို မြှင့်တင်ရန်အတွက် ဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများအား ရှင်းလင်းစေခြင်း၏ အရေးပါပုံ

**အမျိုးသမီးများအနေဖြင့် မိမိကိုယ်ကိုယ်ယုံကြည်မှု အခိုင်အမာထားလျက် လုပ်ရှားဆောင်ရွက်မှုများကို ထိရောက်စွာ ပြုလုပ်ခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေး လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်နိုင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရအပေါ် လွှမ်းမိုးမှုရှိနိုင်ပါသည်။**

ဘုံသဘောတူညီခဲ့သည့် နယ်ပယ်တစ်ခုမှာ အမျိုးသမီးများ တန်းတူညီမျှမှုရှိရေးကို အလေးသာစေသည့်ဘက်သို့ ယဉ်ကျေးမှုညွှန်းကိန်း ပြောင်းလဲရန်အတွက် ပိုမိုကျယ်ပြန့်သော လူမှုအဖွဲ့အစည်းနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် အမျိုးသမီးများ၏ လှုပ်ရှားဆောင်ရွက်နိုင်မှုစွမ်းရည်ကို မြှင့်တင်ခြင်းတို့၏ အရေးပါမှုပင်ဖြစ်သည်။

သီအိုရီအရ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံးဥပဒေဖြစ်သော်လည်း လက်တွေ့တွင်မူ ဖွဲ့စည်းပုံအခြေခံဥပဒေသည် လူသားအားလုံး၊ အထူးသဖြင့် ကျေးလက်နေပြည်သူများ၏ ဘဝများ (ဓလေ့ထုံးတမ်းအရ ဦးဆောင်မှုအတွက် အမာခံနယ်မြေများဖြစ်လေ့ရှိသည်) ကို ညီတူညီမျှ သက်ရောက်ခြင်းမရှိပေ။ နိုင်ငံပေါင်းများစွာသည် လူမျိုးစုအများအပြားနေထိုင်သော နိုင်ငံများဖြစ်လင့်ကစား 'ပုံတူပွားယူထားသည့်' ကိုလိုနီခေတ်နှောင်းပိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေမျိုးကို ဆက်ခံကျင့်သုံးလျက်ရှိကြောင်း တက်ရောက်သူများက တင်ပြခဲ့ကြသည်။ ထိုသို့ကျင့်သုံးခြင်းက အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံသည့် လုပ်ငန်းစဉ်များနှင့် ဖွဲ့စည်းပုံများအား ဆက်လက်အသုံးပြုနိုင်ရန် လမ်းစဖွင့်ပေးခဲ့သည်။ ဂျန်ဒါအားလုံးအကျုံးဝင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖန်တီးရာတွင်တွေ့ရသည့် အဓိကစိန်ခေါ်မှုများအနက်မှ တစ်ခုမှာ တက်ရောက်သူတစ်ဦး၏ စကားဖြင့်ဆိုရသော် 'ဥပဒေမှာ လူသားများမှဖန်တီးမှုဖြစ်သော်လည်း အမျိုးသမီးများလည်း အားဖြည့်ပါဝင်နိုင်'သည့်အတွက် ပြုပြင်ပြောင်းလဲနိုင်ကြောင်း ပြည်သူများ၏စိတ်တွင် နားလည်သဘောပေါက်ရာ၌ အထောက်အကူဖြစ်စေရန်အတွက် ဥပဒေကိုရှင်းလင်းစေခြင်းပင်ဖြစ်သည်။ တစ်နည်းဆိုသော် အမျိုးသမီးများအနေဖြင့် မိမိကိုယ်ကိုယ်ယုံကြည်မှု အခိုင်အမာထားလျက် လှုပ်ရှားဆောင်ရွက်မှုများကို ထိရောက်စွာပြုလုပ်ခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေး လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်နိုင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရအပေါ် လွှမ်းမိုးမှုရှိနိုင်ပါသည်။

## ၁.၆ အကောင်အထည်ဖော်ရေးနှင့် သက်ဝင်စိုးမိုးစေရေး စိန်ခေါ်မှုများ

ဆွေးနွေးချက်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ စာသားများ၏ အနှစ်သာရ မြှင့်တင်ခြင်းကို များစွာ ဦးစားပေးဆွေးနွေးခဲ့ကြပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ဒီဇိုင်းရေးဆွဲရာတွင် ကန့်သတ်ချက်

များရှိကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အာမခံချက်များက အကောင်အထည်ဖော်ဆောင်ရွက်လိုသည့် နိုင်ငံရေးစိတ်ဆန္ဒနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများအား စောင့်ကြည့်လေ့လာခြင်း၊ စီရင်ဆုံးဖြတ်ခြင်း၊ သက်ဝင်စိုးမိုးစေခြင်းတို့ ပြုလုပ်ရန် တာဝန်ရှိသည့် အင်စတီကျူးရှင်းများ၏ ခိုင်မာတောင့်တင်းမှုနှင့် အမှီအခိုကင်းမှုတို့အပေါ် မူတည်ကြောင်း ဝန်ခံခဲ့ကြသည်။ ‘ထုတ်ပြန်ကြေညာတဲ့ ကာလအလွန်ကို အဆုံးသတ်လို့ထင်မှတ်ခဲ့ပေမယ့်...... အမြဲတမ်းအတွက်မမှန်ပါဘူး‘ ဟူ၍ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသူတစ်ဦးက မှတ်ချက်ပြုခဲ့သည်။ ယေဘုယျအားဖြင့် နောက်ကျကျန်ရစ်သည့် အင်စတီကျူးရှင်းများသည် ထိရောက်မှုမရှိသကဲ့သို့ ၎င်းတို့ကို မည်သည့်အခါမျှ အပြည့်အဝ တည်ထောင်ခဲ့ခြင်းမရှိကြောင်း တွေ့ရှိခဲ့ကြသည်။

၂၀၁၀ ခုနှစ် ကင်ညာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဤနယ်ပယ်အတွက် အသုံးဝင်ပါသည်။ ကင်ညာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဥပဒေပြဋ္ဌာန်းချက်တစ်ခုကို ထုတ်ပြန်ရန်အတွက် ငါးနှစ်တာအချိန်ဇယားနှင့်တကွ ဥပဒေပြဋ္ဌာန်းမှု၊ တရားစီရင်မှုတို့နှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲမည့် စီမံဆောင်ရွက်ချက်များနှင့် တရားသူကြီးချုပ်အတွက် အကြံပေးခွင့်ရှိသော အခွင့်အာဏာများပါဝင်သည့် ခိုင်မာသော အကောင်အထည်ဖော်ရေး မူဘောင်တစ်ရပ်ပါဝင်သည်။ ယင်းအတွက် မလုပ်ဆောင်၊ မအောင်မြင်သေးသောလုပ်ငန်းများ ကျန်ရှိနေဆဲဖြစ်သည်။ ဥပမာအားဖြင့် အများထောက်ခံအားပေးခဲ့ကြသည့် ‘သုံးချိုးနှစ်ချိုး စည်းမျဉ်း’ သည် အကောင်အထည်ဖော်ရန် အများသဘောတူညီမှု မရရှိခဲ့သည့်အတွက် စာရွက်ပေါ်ရှိစကားလုံးများအဖြစ်မျှသာ ရှိနေသေးသည်။

ဂျန်ဒါတရားမျှတမှုရှိရေးကို မြှင့်တင်မှုအပေါ် အတိုက်အခံပြုလုပ်ခဲ့သည့် တရားရုံးများသည် ရှေ့နောက်မညီညွတ်သော (သို့) ခေတ်နောက်ပြန်ဆွဲသော ဆုံးဖြတ်ချက်များကိုသော်လည်းကောင်း၊ ပဓာနဝါဒအတွေးအခေါ်များပါဝင်သည့် အဆင့်ဆင့်ဖြစ်သော စီရင်ထုံးများကိုသော်လည်းကောင်း ချမှတ်မိနိုင်သည်။

တက်ရောက်သူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တည်ထောင်ထားသော အင်စတီကျူးရှင်းများ၌ အမျိုးသမီးများ တန်းတူညီမျှမှုရှိရေးကို အပြည့်အဝမြှင့်တင်ရာတွင် ကျရှုံးခဲ့ရသည့် ပုံစံအမျိုးမျိုးကို ထည့်သွင်းစဉ်းစားခဲ့ကြသည်။ ဥပမာအားဖြင့် ဂျန်ဒါတရားမျှတမှုရှိရေးကို မြှင့်တင်မှုအပေါ် အတိုက်အခံပြုလုပ်ခဲ့သည့် တရားရုံးများသည် ရှေ့နောက်မညီညွတ်သော (သို့) ခေတ်နောက်ပြန်ဆွဲသော ဆုံးဖြတ်ချက်များကိုသော်လည်းကောင်း၊ ပဓာနဝါဒအတွေးအခေါ်များပါဝင်သည့် အဆင့်ဆင့်ဖြစ်သော စီရင်ထုံးများကိုသော်လည်းကောင်း ချမှတ်မိနိုင်သည်။ ဆီးရီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် ‘အထက်မှ’ ညွှန်ကြားချက် အတိအလင်းရမှသာ လုပ်ငန်းဆောင်ရွက်ရန် နိုင်ငံရေးအရတာဝန်ရှိသည့်အတွက် ၎င်းအနေဖြင့် လက်ရှိစနစ်ကို စောဒကဝင်နိုင်မည့် အခွင့်အာဏာမရှိသလောက်ရှားကြောင်း တက်ရောက်သူတစ်ဦးက ရှင်းပြခဲ့သည်။

အချို့သော အင်စတီကျူးရှင်းများက ၎င်းတို့၏တာဝန်ဝတ္တရားများကို ယတိပြတ်လျစ်လျူရှုကောင်းလျစ်လျူရှုနိုင်ပါသည်။ ရိုးရာအစဉ်အလာ အာဏာပိုင်များ၏တာဝန်မှာ စည်းမျဉ်းကြပ်မတ်ရန်နှင့် ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းရန်ဟူ၍ နှစ်ဖက်နှစ်ခွရှိကြောင်း တောင်ဆူဒန်နိုင်ငံမှ တက်ရောက်သူတစ်ဦးက မှတ်ချက်ပြုခဲ့သည်။ သို့သော် ရိုးရာကောင်စီများသည် သက်ဆိုင်ရာ ဓလေ့ထုံးတမ်းက အမျိုးသမီးများ တန်းတူညီမျှမှုရှိရေးအတွက် မည်မျှအပြုသဘောမဆောင်စေကာမူ ၎င်းအားထိန်းသိမ်းစောင့်ရှောက်မည့်အပေါ်ကိုသာ သီးခြားဦးစားပေးစဉ်းစားကြကြောင်း ယင်းတက်ရောက်သူက သုံးသပ်ခဲ့သည်။ ထို့ပြင် တောင်ဆူဒန်နိုင်ငံမှ အမျိုးသမီးများသည် မိသားစုရေးရာ ဥပဒေအရေးကိစ္စများနှင့် စပ်လျဉ်း၍ နိုင်ငံ့တရားရုံးများကို အားကိုးအားထားပြုကြသည့်အခါ ၎င်းတို့ကို ပိုမိုရှေးရိုးစွဲတတ်သော ဓလေ့ထုံးတမ်းဆိုင်ရာ တရားရုံးများထံသာ ပြန်လည်ညွှန်းပို့ကြလေ့ရှိသည်။

သို့သော် တောင်ဆူဒန်နိုင်ငံတွင် အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်း၍ အလားအလာကောင်းသော သာဓကတစ်ခုရှိသည်။ တရားဝင်ထိမ်းမြားလက်ထပ်နိုင်သည့် အသက်အရွယ်သည် ၁၈ နှစ်ဖြစ်သော်လည်း ဓလေ့ထုံးတမ်းအရ မိန်းကလေးငယ်တစ်ဦးသည် ပျိုဖော်ဝင်သည့်အခါတွင် ထိမ်းမြားလက်ထပ်နိုင်ပြီး ၎င်းမှာသိသာထင်ရှားသော ပဋိပက္ခတစ်ရပ်ဖြစ်လာသည်။ ၂၀၁၉ ခုနှစ်၏ အထင်ကရ စီရင်ထုံးတစ်ခုတွင် ၁၆ နှစ်အရွယ် မိန်းကလေးတစ်ဦး၏ ဓလေ့ထုံးတမ်းအရ ထိမ်းမြားလက်ထပ်ခဲ့မှုကို ပယ်ဖျက်ခဲ့ပြီး သူမအားအုပ်ထိန်းသူ၏ ကာကွယ်စောင့်ရှောက်မှုအောက်၌ ထားရှိစေခဲ့သည်။ စောစီးစွာအိမ်ထောင်ပြုခြင်းနှင့် အတင်းအဓမ္မ လက်ထပ်ပေးခြင်းတို့အား ကျင့်သုံးမှုသည် ဆက်လက်တည်ရှိခဲ့သော်လည်း ဂျန်ဒါတန်းတူညီမျှမှုရှိရေးကို ထောက်ခံသည့် ဥပဒေများနှင့် ကျယ်ပြန့်စွာလက်ခံထားကြသော ဓလေ့တို့အကြား ပဋိပက္ခဖြစ်လာသည့်အခါ တရားဝင်ဥပဒေရေးရာစနစ်၌ ဂျန်ဒါတရားမျှတမှုရှိရေးကို ဦးစားပေးလျက် အငြင်းပွားမှုကို ဖြေရှင်းခဲ့ကြောင်း စီရင်ထုံးအရ သိရသည်။ တက်ကြွလှုပ်ရှားသူများက ဤစီရင်ထုံးကို နောင်တစ်ချိန်ပေါ်ပေါက်လာမည့် အမှုကိစ္စများအတွက် အလားအလာကောင်းသည့် ထုံးတမ်းတစ်ခုအနေဖြင့် ရှုမြင်ခဲ့ကြသည်။

အခန်း (၂)

# ရရှိခဲ့သော သင်ခန်းစာများ – ဂျန်ဒါတန်းတူညီမျှမှုရှိရေးကို မြှင့်တင်ရန်အတွက် ညွန့်ပေါင်းအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယဉ်ကျေးမှု ပြုပြင်ပြောင်းလဲခြင်း

**အခင်းအကျင်း တစ်ခုစီတွင် မည်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဒီဇိုင်းဆိုင်ရာ ချဉ်းကပ်နည်းများနှင့် အင်စတီကျူးရှင်းများက အမျိုးသမီးများအတွက် ခိုင်မာထိရောက်သော တန်းတူညီမျှမှု ရရှိနိုင်ရန် မြှင့်တင်ပေးရာ၌ အသင့်လျော်ဆုံး ဖြစ်နိုင်သနည်း။**

အလုပ်ရုံဆွေးနွေးပွဲ၏ အချိန်အတော်များများ၌ အမျိုးသမီးများ တန်းတူညီမျှမှုရှိရေးကို မြှင့်တင်ရာတွင် အရေးပါသည့် နည်းဗျူဟာကျ ညွန့်ပေါင်းအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ‘စမတ်ကျသော တက်ကြွလှုပ်ရှားမှု’ လိုအပ်ပုံတို့ကို အလေးပေးဆွေးနွေးခဲ့ကြပါသည်။ ငြိမ်းချမ်းရေးတည်ဆောက်သူ အမျိုးသမီးများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသူ အမျိုးသမီးများအတွက် ယဉ်ကျေးမှု၊ ဘာသာရေးဆိုင်ရာ အခွင့်အရေးများနှင့် ဂျန်ဒါတန်းတူညီမျှမှုတို့အကြား ဟန်ချက်ညီမှုရှိအောင်ဆောင်ရွက်ရခြင်းမှာ ရှုပ်ထွေးလေ့ရှိပြီး ထိုအခွင့်အရေးများနှင့် ဂျန်ဒါတန်းတူညီမျှမှုအကြားတွင်လည်း ကဏ္ဍပေါင်းစုံဆက်နွယ်နေသော ဝိသေသများနှင့် အကျိုးစီးပွားများ ပါဝင်နေသည်။ ထို့ပြင် အမျိုးသမီးများအကြားဖြစ်စေ နိုင်ငံရေးဆုံးဖြတ်ချက် ချမှတ်သူများအကြားဖြစ်စေ၊ ပိုကျယ်ကျယ်ပြန့်ပြန့်ပြောရလျှင် လူမှုအဖွဲ့အစည်းတစ်ခုလုံးအတွင်းဖြစ်စေ ဘုံသဘောတူညီမှုရရှိအောင် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်သည် စိန်ခေါ်မှုရှိနိုင်ပါသည်။ ဂျန်ဒါတန်းတူညီမျှမှုဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ဓလေ့ထုံးတမ်းနှင့်/သို့မဟုတ် ဘာသာရေးအခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များတွင် ရည်ရွယ်ချက်ပေါင်းစုံရှိပြီး ၎င်းတို့သည် ဥပဒေရေးရာ၊ စံနှုန်းဆိုင်ရာနှင့် လက်တွေ့အကြောင်းရင်းများအတွက် အရေးပါသည်။ သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသူ အမျိုးသမီးများနှင့် ၎င်းတို့၏ မဟာမိတ်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်အတွင်း အဆိုပါအခွင့်အရေးများ တစ်ခုနှင့်တစ်ခုအကြား လိုက်လျောညီထွေမှုရှိစေရန် မည်ကဲ့သို့ ချဉ်းကပ်ဆောင်ရွက်သင့်သနည်း။ အမျိုးသမီးများ၏ လူ့အခွင့်အရေးများကိုဖော်ဆောင်ရာ၌ ကဏ္ဍပေါင်းစုံဆက်နွယ်မှုရှိသော ချဉ်းကပ်နည်းကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထင်ဟပ်နေစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေဒီဇိုင်းဆိုင်ရာ ညှိနှိုင်းမှုများအပေါ် လွှမ်းမိုးမှုရှိအောင် ၎င်းတို့အနေဖြင့် မည်သို့စည်းရုံးနိုင်သနည်း။ အခင်းအကျင်းတစ်ခုစီတွင် မည်သည့်ဖွဲ့စည်းပုံအခြေခံဥပဒေဒီဇိုင်းဆိုင်ရာ ချဉ်းကပ်နည်းများနှင့် အင်စတီကျူးရှင်းများက အမျိုးသမီးများအတွက် ခိုင်မာထိရောက်သော တန်းတူညီမျှမှုရရှိနိုင်ရန် မြှင့်တင်ပေးရာ၌ အသင့်လျော်ဆုံး ဖြစ်နိုင်သနည်း။ နိုင်ငံ့အင်စတီကျူးရှင်းများနှင့် ဓလေ့ထုံးတမ်း/ဘာသာရေးစနစ်များတွင် ပါဝင်သော ခွဲခြားဆက်ဆံသည့် အစိတ်အပိုင်းများအား အမျိုးသမီးများကိုယ်တိုင် ပြောင်းလဲပစ်နိုင်ရန် ၎င်းတို့အား မည်သို့စွမ်းရည်မြှင့်တင်ပေးနိုင်သနည်း။ အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအတွက် ထိုးထွင်းသိမြင်မှုများနှင့် ပိုမိုပြီးပြည့်စုံစေမည့် (သို့) သမားရိုးကျမဟုတ်သော ချဉ်းကပ်နည်းများကို ဤအခန်းတွင် အကြမ်းဖျင်းဖော်ပြထားပါသည်။

## ၂.၁ ငြိမ်းချမ်းရေးညှိနှိုင်းမှုများ ပြုလုပ်ရာတွင်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး အဖွဲ့အစည်းများတွင် အမျိုးသမီးများ အပြည့်အဝပါဝင် ဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးခြင်း

အမျိုးသမီးများအနေဖြင့် ငြိမ်းချမ်းရေးညှိနှိုင်းမှုများ ပြုလုပ်ရာတွင်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အဖွဲ့အစည်းများတွင် ကောင်းစွာကိုယ်စားပြုပါဝင်ရန် အလွန်အရေးကြီးကြောင်း တက်ရောက်သူများက တညီတညွတ်တည်းထောက်ခံကြသည်။ တက်ရောက်သူများက 'အမျိုးသမီးများ' ဟူသည် သီးခြားကဏ္ဍတစ်ရပ် မဟုတ်ကြောင်းနှင့် အသက်အရွယ်၊ လူမျိုး၊ အဆင့်အတန်း၊ ကိုးကွယ်ယုံကြည်မှု၊ တိုင်းရင်းသားဖြစ်မှုဝိသေသနှင့် နိုင်ငံရေးနှီးနွှယ်မှု(စသည်)တို့၏ ကွဲပြားစုံလင်မှုသည်လည်း သိမ်မွေ့သောကွဲပြားချက်များရှိပြီး တောင့်တင်းခိုင်မာသည့် ဂျန်ဒါတန်းတူညီမျှမှုရှိရေး အစီအစဉ်ကိုမြှင့်တင်ရာတွင် အခရာကျကြောင်း မှတ်ချက်ပြုခဲ့ကြသည်။

အပြီးသတ်သဘောတူညီမှုရရှိရေးနှင့် အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် အမျိုးသမီးများ၏ ပါဝင်ပံ့ပိုးမှု ရှိစေရန်အလို့ငှာ အမျိုးသမီးများအနေဖြင့် ငြိမ်းချမ်းရေးညှိနှိုင်းမှုများပြုလုပ်ရာ စားပွဲဝိုင်းတွင်ပါဝင်ရန် မည်မျှအရေးပါကြောင်း ဆွေးနွေးချက်များက ဖော်ထုတ်ခဲ့သည်။ ယခင် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် အမျိုးသမီးများ၏ အကဲဖြတ်မှုအပြင် ပြုပြင်ပြောင်းလဲရေးအတွက် ၎င်းတို့၏ဦးစားပေးအချက်များအား တင်ပြနိုင်စေရန် ဂျန်ဒါအားလုံးအကျုံးဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်ရေးကော်မရှင်များ၏ အရေးပါပုံကိုတက်ရောက်သူတစ်ဦးက ထောက်ပြဆွေးနွေးခဲ့သည်။

## ၂.၂ နည်းဗျူဟာကျမိတ်ဖက်များတည်ဆောက်ခြင်း

အရောင်အသွေးစုံသော ညွန့်ပေါင်းအဖွဲ့များသည် သိသာထင်ရှား၍ စနစ်ကျသော ပြောင်းလဲမှုပြုလုပ်ရာတွင် အလွန်အရေးပါသည်။ ပြုပြင်ပြောင်းလဲမှုများ အောင်မြင်စေရန် နိုင်ငံရေးနှင့် လူမှုရေး ဖိအားများကို အမြင့်ဆုံးဖြစ်အောင် မြှင့်တင်ရာတွင် အမျိုးသမီးများသည် မိမိတို့ကိုယ်တိုင်နှင့် အခြားဖယ်ကျဉ်ခံအုပ်စုများနှင့် ချိန်ညှိလျက် လုပ်ရှားဆောင်ရွက်ရပါမည်။ ယင်းနောက် အဆိုပါကွဲပြားစုံလင်မှုကို လိမ္မာပါးနပ်စွာ အသုံးချနိုင်သည်။ ဥပမာအားဖြင့် ကင်ညာနိုင်ငံ၏ အမျိုးသားအဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာညီလာခံ၌ အမျိုးသားမဟာမိတ်များနှင့် မူစလင်အမျိုးသမီးများသည် မဲဆန္ဒနယ်များအကြား ကွာဟချက်ကို ပေါင်းကူးဖြည့်ဆည်းပေးသည့်အနေဖြင့် ဂျန်ဒါတန်းတူညီမျှမှုဆိုင်ရာ ရှုထောင့်အမျိုးမျိုးအတွက် ဆော်ဩစည်းရုံးပေးမည့် ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်များ ဖြစ်ခဲ့ကြသည်။ ဤအခြင်းအရာကို နှီးနှောဆွေးနွေးပွဲသို့ တက်ရောက်သူများက 'သုံးပွင့်ဆိုင်အသုံးချမှု' အဖြစ် ဖော်ပြခဲ့ကြသည်။ သို့ဖြစ်ပါလျှင် သတ်မှတ်အုပ်စုတစ်စုကို အကောင်းဆုံးလွှမ်းမိုးနိုင်မည့် ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်မှာ မည်သူဖြစ်သနည်း။

ပြုပြင်ပြောင်းလဲမှုများ အောင်မြင်စေရန် နိုင်ငံရေးနှင့် လူမှုရေးဖိအားများကို အမြင့်ဆုံးဖြစ်အောင် မြှင့်တင်ရာတွင် အမျိုးသမီးများသည် မိမိတို့ ကိုယ်တိုင်နှင့် အခြားဖယ်ကျဉ်ခံအုပ်စု များနှင့် ချိန်ညှိလျက် လှုပ်ရှား ဆောင်ရွက်ရပါမည်။

တိုင်းရင်းသားဖြစ်မှု (သို့) ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဝိသေသများကိုအကြောင်းပြုပြီး အမျိုးသမီးလှုပ်ရှားမှုများတွင် အက်ကြောင်းများမည်သို့ ဖြစ်ပေါ်လာနိုင်ပုံကို တက်ရောက်သူတစ်ဦးက ဆွေးနွေးတင်ပြခဲ့သည်။ ထို့ကြောင့် လူတိုင်းအကျုံးဝင်ပြီး ကျယ်ပြန့်သောညွန့်ပေါင်းအဖွဲ့များကို ထိရောက်စွာဖွဲ့စည်းသည့် လုပ်ငန်းစဉ်သည် အဆိုပါလှုပ်ရှားမှုကို မည်သို့မည်ပုံ မူဘောင်၊ စီမံ

ချက်ချမည်ဆိုသည့်အပေါ်တွင် မူတည်သည်။ ဥပမာအားဖြင့် စီးပွားရေး၌ လွတ်လပ်ခွင့်ပေးမှုကို တိုးမြှင့်ခြင်းဖြင့် ကဏ္ဍပေါင်းစုံဆက်နွယ်နေသည့် ဝိသေသအမျိုးမျိုးရှိသော အမျိုးသမီးများနှင့် လူ့အခွင့်အရေးများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကို ထောက်ခံစည်းရုံးသည့် အမျိုးသမီးများအကြား မဟာမိတ်ဖွဲ့ခြင်းက ပိုမိုအလားအလာရှိလာနိုင်ပါသည်။ အလားတူပင် ဘုံအလေးထားစရာ ကိစ္စများနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ခြင်းသည် တက်ကြွလှုပ်ရှားသူအမျိုးသမီးများကို ပေါင်းကူးပေးရာတွင် အဓိကကျနိုင်ပါသည်။ တူနီးရှားနိုင်ငံမှ တက်ရောက်သူတစ်ဦးက အာရပ်ဆူပူအုံကြွမှုများ ဖြစ်ပွားပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေး လုပ်ငန်းစဉ်အတွင်း၌ အမျိုးသမီးများသည် ဂျန်ဒါတန်းတူညီမျှမှုရှိရေးကို မြှင့်တင်ရန်နှင့် အမျိုးသမီးများ၏ အခွင့်အရေးများအား တိုင်းပြုပြည်ပြုလွှတ်တော်တွင်ပါဝင်သည့် ရှေးရိုးစွဲကိုယ်စားလှယ်များထံမှ ဘာသာရေးဆိုင်ရာ ငြင်းခုံချက်များအပေါ် အခြေတည်၍ နောက်ကြောင်းပြန်ဆွဲခြင်းအား ကာကွယ်ရန် အလွတ်သဘောဆွေးနွေးဝိုင်းအဖွဲ့တစ်ဖွဲ့ မည်သို့ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း မျှဝေခဲ့သည်။ ထိုအမျိုးသမီးများသည် လွန်စွာကွဲပြားသော နောက်ခံအသိုက်အဝန်းများမှ လာသူများဖြစ်ကြပြီး နိုင်ငံရေးရောင်စဉ်တန်း စံနှုန်းထားတွေအလိုက် စွဲကိုင်မှုတွေ အမျိုးမျိုးရှိကြသော်လည်း ၎င်းတို့သည် အမျိုးသမီးများ ကြုံတွေ့နေရသည့် နိုင်ငံ့အရေးကိစ္စများနှင့် စပ်လျဉ်း၍မူ တူညီသော သဘောထားများ ရှိကြသည်။ အဆိုပါအုပ်စုသည် ရွေးကောက်တင်မြှောက်ထားသော အဖွဲ့အစည်းအားလုံးတွင် ဂျန်ဒါအားလုံး တန်းတူရည်တူခံစားခွင့်ရရှိစေရန်အတွက် အစိုးရမှတာဝန်ယူဆောင်ရွက်ရန်နှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတိုက်ဖျက်ချေမှုန်းရေးကိုလည်း အစိုးရမှအရေးယူဆောင်ရွက်ရန် အာမခံချက်တို့ ပါဝင်စေမည့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မများအား ထည့်သွင်းရေးဆွဲရေးအတွက် အောင်မြင်စွာဆော်သြစည်းရုံးနိုင်ခဲ့ကြသည်။ ရှေးရိုးစွဲအဖွဲ့ဝင်တစ်ဦးက အုပ်စု၏ညှိနှိုင်းဆောင်ရွက်ရေးမှူးဖြစ်သည့်အတွက် ဂျန်ဒါတန်းတူညီမျှမှုရှိရေးဆိုင်ရာ အရေးကိစ္စများအတွက် အများသဘောတူညီမှု ရယူရာတွင် တစ်ခါတစ်ရံ၌ 'မျှော်လင့်မထားသော' မဟာမိတ်များအား အကောင်းဆုံး နေရာချထားပေးရမည်ဟူသည့်အဆိုကို ထောက်ခံသလိုပင်ဖြစ်နေသည်။

## ၂.၃ နိုင်ငံတကာဥပဒေကို အကောင်းဆုံး အသုံးချခြင်း

အမျိုးသမီးများအနေဖြင့် ဗျူဟာအရ အသုံးဝင်သည့်အခါတွင် အထူးသဖြင့် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ စာချုပ်များ၌ ကတိကဝတ်ပြုထားသည့် နိုင်ငံများတွင် နိုင်ငံတကာဥပဒေကို အကောင်းဆုံး ဆက်လက်အသုံးချသင့်ကြောင်း တက်ရောက်သူများ သဘောတူခဲ့ကြသည်။ အမျိုးသမီးများသည် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာဥပဒေနှင့်စပ်လျဉ်း၍ နိုင်ငံဖြတ်ကျော် စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ခြင်းဖြင့် တိုးတက်မှုအဆင့်ဆင့်ကို ဖော်ဆောင်ခဲ့ကြပြီးဖြစ်၍ ခေါင်းဆောင်များအနေဖြင့် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုအား ကိုင်တွယ်ဖြေရှင်းရာတွင် ဥပဒေပြဋ္ဌာန်းချက်၊ မူဝါဒများနှင့် အင်စတီကျူးရှင်းများကိုမြှင့်တင်ရန် တက်ကြွလှုပ်ရှားသူများက ဆက်လက်တောင်းဆိုသင့်သည်။

ဘော့ဆွာနာနိုင်ငံမှ ဂျန်ဒါတန်းတူညီမျှမှုဆိုင်ရာ တက်ကြွလှုပ်ရှားသူများသည် ၁၉၉၅ ခုနှစ်တွင် ပေကျင်းမြို့၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံအတွင်း အစိုးရချမှတ်ခဲ့သော အများပြည်သူဆိုင်ရာ ကတိကဝတ်များကို အကောင်းဆုံးအသုံးချနိုင်ခဲ့ပြီး ထိုမှတစ်ဆင့် လိင်ဖြစ်တည်မှုကို အကြောင်းရင်းပြု၍ ခွဲခြားဆက်ဆံခြင်းကို အတိအလင်း

တားမြစ်ကန့်သတ်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ၂၀၁၆ ခုနှစ်တွင် တဖြည်းဖြည်းပြုလုပ်နိုင်ခဲ့ကြောင်း တက်ရောက်သူတစ်ဦးက မှတ်ချက်ပြုခဲ့သည်။

သို့သော် တစ်ခါတစ်ရံတွင် နိုင်ငံတကာဥပဒေကို မှီခိုအားထားသည့်အတွက် ပြင်းပြင်းထန်ထန်ဝေဖန်သံတွေ ကြုံတွေ့ခဲ့ရပြီး ၎င်းတို့အား 'အနောက်တိုင်းဆန်သူ'၊ 'အထက်တန်းလွှာအဖွဲ့အစည်းကိုယုံကြည်သူ' အဖြစ် ဝေဖန်ခံကြရသည်ဟု တက်ရောက်သူများက ဆိုကြသည်။ ထို့ကြောင့် ဆွဲဆောင်သိမ်းသွင်းနိုင်မှုရှိသည့် ဒေသတွင်းရှိ နှိုင်းယှဉ်လေ့လာနိုင်သော သာဓကများကို သတိပြု၍ နည်းဗျူဟာကျစွာ အသုံးချပါက အကျိုးများမည်ဖြစ်သည်။ ဥပမာအားဖြင့် နိုင်ငံရေးဆိုင်ရာ ဂျန်ဒါခွဲတမ်းများနှင့်စပ်လျဉ်း၍ ကင်ညာနိုင်ငံတွင် ငြင်းခုံဆွေးနွေးမှုများပြုလုပ်စဉ် တက်ကြွလှုပ်ရှားသူများသည် ဒေသတွင်းကျင့်သုံးမှုနှင့် အများသဘောတူညီမှုတို့ကိုပြသရန် အရှေ့အာဖရိက (အထူးသဖြင့် ရဝမ်ဒါနိုင်ငံ) မှ အပြုသဘောဆောင်သော သာဓကများကို ထောက်ပြခဲ့ကြသည်။

## ၂.၄ ရိုးရာခေါင်းဆောင်မှုတွင် ပါဝင်ဆောင်ရွက်ခြင်းနှင့် ဓလေ့ထုံးတမ်းကို အမျိုးသမီးများ၏ ကောင်းကျိုးအတွက် အသုံးချခြင်း

ရှေ့တွင် ဆွေးနွေးခဲ့ပြီးသည့်အတိုင်း ဓလေ့ထုံးတမ်း (သို့) ဘာသာရေးဆိုင်ရာ ဥပဒေအားလုံးသည် ခွဲခြားဆက်ဆံသော ဥပဒေများမဟုတ်ကြပါ။ သို့ဖြစ်၍ တက်ရောက်သူများစွာက နိုင်ငံစနစ်၏ ပံ့ပိုးမှုမရှိသောနေရာများတွင် လုပ်ပိုင်ခွင့်အာဏာရရှိမှုကို မြှင့်တင်ရန်အတွက် ဘာသာရေး/ဓလေ့ထုံးတမ်းဥပဒေဆိုင်ရာ ရှုထောင့်များအားမှီခိုအားထားရန် ထောက်ခံခဲ့ကြသည်။ တက်ရောက်သူများကလည်း ဘာသာရေး/ဓလေ့ထုံးတမ်းဥပဒေသည် တိုးတက်မှု (သို့) ပြောင်းလဲဖွံ့ဖြိုးမှု မရှိဟုဆိုသည့် ယူဆချက်ကိုပယ်ဖျက်ခြင်း၏ အကျိုးကျေးဇူးများအကြောင်း ဆွေးနွေးခဲ့ကြသည်။ တက်ရောက်သူတစ်ဦးက 'ယဉ်ကျေးမှုရပ်တန့်ခြင်းသည် ယဉ်ကျေးမှုသေဆုံးခြင်းဖြစ်သည်' ဟုဆိုခဲ့သည်။ ရည်ရွယ်ချက်မှာ အဆိုပါစနစ်များအပေါ် နက်ရှိုင်းစွာအရေးစိုက်နေသူများကို ထိုစနစ်များသည် ပြောင်းလဲနေသော အချိန်များ၊ အခြေအနေများအား အလိုက်သင့်တုံ့ပြန်တတ်သည့် ရှင်သန်တိုးတက်နေသော ဥပဒေများအဖြစ် ရှုမြင်ရန်အတွက် စည်းရုံးသိမ်းသွင်းရန် ဖြစ်သည်။

ရိုးရာခေါင်းဆောင်များ၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို အထိန်းအကွပ်ထားရှိပြီး တသတ်မှတ်တည်းဖြစ်စေရန်အတွက် ဓလေ့ထုံးတမ်းဥပဒေအား စနစ်တကျ စီစဉ်ပေါင်းစုထားရန် အချို့က အကြံပြုခဲ့သည်။ သို့သော် ထိုသို့ပေါင်းစုခြင်းက ဓလေ့ထုံးတမ်းဥပဒေသည် မပြောင်းလဲသောဥပဒေဖြစ်သည်ဆိုသည့် အယူအဆကို အားဖြည့်ရာရောက်သည့်အတွက် အဆိုပါစနစ်များ၏ မူလဆင့်ကဲပြောင်းလဲနိုင်မှုကို အနှောင့်အယှက်ဖြစ်စေပြီး တောင်ဆူဒန်နိုင်ငံမှ တက်ရောက်သူတစ်ဦး၏ အဆိုအရ 'ပြောင်းလဲမှုဖြစ်ပေါ်စေရန် တရွေ့ရွေ့ပို့ဆောင်ပေးသည့်ယာဉ်' ဖြစ်သည့် ၎င်းတို့၏ အလားအလာကို ကန့်သတ်ရာရောက် နိုင်ပါသည်။ ပိုမိုသင့်လျော်ကောင်းမွန်သည့် ချဉ်းကပ်နည်းမှာ ဓလေ့ထုံးတမ်းဥပဒေကို ရေးထုံးတမ်းဥပဒေအဖြစ် ပိုမိုသဘောထားရန်ဖြစ်နိုင်သည်။ တစ်နည်းဆိုသော် ဥပဒေကို သင့်လျော်သလို ပြန်လည်ပြင်ဆင်နိုင်ရန် တရားသူကြီးများထံ ဆုံးဖြတ်ပိုင်ခွင့် အပ်နှင်းထားပြီး တစ်ဖက်မှာလည်း တသတ်မှတ်တည်းဖြစ်မှုကို လုံလုံလောက်လောက်ရရှိနိုင်ရန် ထိုဥပဒေအရ ချမှတ်လိုက်သည့် စီရင်ချက်များကို မှတ်တမ်းတင်ထားရမည်ဖြစ်သည်။ တက်ရောက်သူတစ်ဦး၏အဆိုအရ ဓလေ့ထုံးတမ်းဥပဒေကို 'အလိုအလျောက်အသုံးချမည့် စည်းမျဉ်းများအဖြစ်ထက်

**အခင်းအကျင်း တစ်ခုစီတွင် မည်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဒီဇိုင်းဆိုင်ရာ ချဉ်းကပ်နည်းများနှင့် အင်စတီကျူးရှင်း များက အမျိုးသမီးများအတွက် ခိုင်မာထိရောက်သော တန်းတူညီမျှမှု ရရှိနိုင်ရန် မြှင့်တင်ပေးရာ၌ အသင့်လျော်ဆုံး ဖြစ်နိုင်သနည်း။**

ပြောင်းလဲနေသော အခြေအနေအလိုက် မွမ်းမံပြုပြင်ရမည့် ပုံစံများ' အဖြစ် ပြောင်းလဲရှုမြင်ရမည် ဖြစ်သည်။

အမျိုးသမီးများအား ၎င်းတို့၏ ဓလေ့ထုံးတမ်းစနစ်များဖြင့် စွမ်းရည်မြှင့်တင်ပေးနိုင်မည့် နည်းလမ်းများကို ရှာဖွေရန် တက်ရောက်သူများက ထောက်ခံပြောဆိုခဲ့ကြသည်။ များသောအားဖြင့် ထိုသို့ဆောင်ရွက်ရန် သိသာထင်ရှားသည့် အမျိုးသမီးဝါဒဆိုင်ရာ ကမ်းလင့်ထောက်ကူမှုများနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ လိုအပ်မည်ဖြစ်ပြီး ဦးတည်အုပ်စုများက ဝေးလံခေါင်သီဒေသများတွင် နေထိုင်ကြလေ့ရှိရာ ၎င်းသည် စိန်ခေါ်မှုရှိပါလိမ့်မည်။ သို့သော် ယင်းသို့ဆောင်ရွက်နိုင်မည့် ဒေသများ၌ ဓလေ့ထုံးတမ်းဆိုင်ရာ အမျိုးသမီးခေါင်းဆောင်များကို ရွေးချယ်ခြင်း (သို့) ဂျန်ဒါတန်းတူညီမျှမှု ရှိရေးကို တိုက်တွန်းအားပေးရန် ဓလေ့ထုံးတမ်းဆိုင်ရာ ခေါင်းဆောင်များအား မက်လုံးများပေးခြင်း က အကျိုးကျေးဇူးရှိပါလိမ့်မည်။

## ၂.၅ ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်ကို ပျိုးထောင်၍ ဂျန်ဒါတန်းတူညီမျှမှုရှိရေးကို ဆောင်ရွက်မှုတိုင်းတွင် ထည့်သွင်းအလေးထားဆောင်ရွက်ခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲခြင်းသည် အမျိုးသမီးများ တန်းတူညီမျှမှုရှိရေး အတွက် ခြေလှမ်းအစပင်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို အကောင် အထည်ဖော်ပြီး ထိရောက်မှုရှိစေရန်အတွက် တက်ကြွလှုပ်ရှားသူများအနေဖြင့် ဥပဒေရေးရာ ယဉ်ကျေးမှုရော၊ လူမှုရေးယဉ်ကျေးမှုကိုပါ ပြုပြင်ပြောင်းလဲရန် ဦးစားပေးဆောင်ရွက်ရပါမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် စံနှုန်းများကို ဖန်တီးပေးနိုင်မည့် စွမ်းအားရှိသော်လည်း အဆိုပါ စံနှုန်းများကို ခိုင်မာစွာအမြစ်တွယ်စေရန်မှာ ၎င်းတို့ကို တင်းတင်းကျပ်ကျပ် သက်ဝင်စိုးမိုးစေရမည် ဖြစ်ကြောင်း တက်ရောက်သူများက ညွှန်ပြခဲ့သည်။ အကောင်အထည်ဖော်ရန် ဦးတည်ဆောင်ရွက် ခြင်းဟူသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ချိုးဖောက်မှုများအပေါ် ချက်ချင်းအာရုံစိုက်ခြင်းလည်းဖြစ် သည်။ ထို့နောက် တက်ရောက်သူများက လိုက်နာမှုမရှိခြင်းအတွက် အရေးယူမှုများကို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အသေးစိတ်ချပြသင့်ကြောင်း (သို့) သာမန်ဥပဒေတွင် အသေးစိတ်ချပြသင့် ကြောင်းနှင့် လိုက်နာရန်မက်လုံးပေးခြင်း (သို့) ဟန့်တားခြင်းကြောင့် သာမန်ဥပဒေတွင် ဖြစ်လာ နိုင်သော သွယ်ဝိုက်ရိုက်ခတ်မှုများအကြောင်းတို့ကို ဗဟိုပြုဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အမျိုးသမီးများ တန်းတူညီမျှမှုရှိရေးနှင့် စပ်လျဉ်းသော ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ ပြဋ္ဌာန်းချက်များကို သက်ဝင်စိုးမိုးစေရန်အတွက် အင်စတီကျူးရှင်းများကို ဖိအားပေးနိုင်ပြီး ဖိအားပေးလိုသည့် ဆန္ဒလည်းရှိမည့် ခိုင်မာ၊ ကျယ်ပြန့်၊ ထိရောက်သော အရပ်ဘက်လူမှုအဖွဲ့ အစည်းဆိုင်ရာ လှုပ်ရှားမှုများဆောင်ရွက်ရန် တောင်းဆိုမှုလည်း ရှိခဲ့ပါသည်။ ခိုင်မာအားကောင်း သော အရပ်ဘက်လူမှုအဖွဲ့အစည်းဆိုင်ရာ လှုပ်ရှားမှုများဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးလုပ်ငန်းစဉ်က အဘယ်ကြောင့် အရေးပါရခြင်းဖြစ်ကြောင်း၊ ယေဘုယျအားဖြင့် ပြည်သူများ၊ အထူးသဖြင့် အမျိုးသမီးများနှင့် လူနည်းစုများအနေဖြင့် မည်သို့ပါဝင်လုပ်ဆောင်နိုင် ကြောင်းတို့နှင့် စပ်လျဉ်း၍ အများပြည်သူအား အသိပညာပေးခြင်းကိုလည်း ပံ့ပိုးဆောင်ရွက်နိုင် ပါသည်။

မည်သည့် ဘက်စုံတက်ကြွလှုပ်ရှားသူဆိုင်ရာ နည်းဗျူဟာမဆိုတွင် ဂျန်ဒါတန်းတူညီမျှမှု ရှိရေးအတွက် လျှောက်လှမ်းရသော ရှည်လျားကြမ်းတမ်းသည့် လမ်းပေါ်၌ အမျိုးသမီးတက်ကြွ လှုပ်ရှားသူများ ရေရှည်တည်ရှိရန်လိုအပ်မှုကို ထည့်တွက်ရမည်ဖြစ်ကြောင်း တက်ရောက်သူ အားလုံးက နောက်ဆုံးအနေဖြင့် ထောက်ခံပြောဆိုခဲ့ကြသည်။ ဤအချက်သည် ကိုဗစ်-၁၉ ကမ္ဘာ့ ကပ်ရောဂါ၊ မြင့်တက်လာသော ပဋိပက္ခများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း တက်ကြွလှုပ်ရှားမှု များပြုလုပ်နိုင်မည့်ရပ်ဝန်း ကျဉ်းကျုပ်လာခြင်းတို့ကြောင့် ပိုမိုဆိုးရွားစေခဲ့သည့် စီးပွားရေး၊ လူမှုရေး နှင့် နိုင်ငံရေးဖိအားများ ပိုတိုးလာသည့်အချိန်တွင် အထူးအရေးပါသည်။

အခန်း (၃)

# နိဂုံး

**နိုင်ငံအချို့က ဓလေ့ထုံးတမ်း ဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ အကြားရှိ ပဋိပက္ခများကို ဖြေရှင်းရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အလေးပေးမှုရှိကြပြီး အချို့ကမူ (ခွဲခြားဆက်ဆံမှုရှိသော ဓလေ့ထုံးတမ်း အပါအဝင်) ဓလေ့ထုံးတမ်းအား လက်တွေ့ဦးစားပေး ထောက်ခံခဲ့ကြသည်။**

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသူ အမျိုးသမီးများ၏တတိယအကြိမ်မြောက် နှီးနှောဆွေးနွေးပွဲအတွင်း အများလက်ခံသည့် သဘောထားအလျဉ်အချို့ ထွက်ပေါ်ခဲ့သည်။ တက်ရောက်သူများက နိုင်ငံများ၌ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဓလေ့ထုံးတမ်းနှင့်/သို့မဟုတ် ဘာသာရေးဆိုင်ရာ ဥပဒေတို့အကြား ဆက်နွယ်မှုကို ပုံဖော်ရာတွင် အသုံးပြုသည့် ချဉ်းကပ်နည်းအမျိုးမျိုးရှိပုံကို မှတ်သားခဲ့ကြသည်။ နိုင်ငံအချို့က ဓလေ့ထုံးတမ်းဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတို့အကြားရှိ ပဋိပက္ခများကို ဖြေရှင်းရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အလေးပေးမှုရှိကြပြီး အချို့ကမူ (ခွဲခြားဆက်ဆံမှုရှိသော ဓလေ့ထုံးတမ်းအပါအဝင်) ဓလေ့ထုံးတမ်းအား လက်တွေ့ဦးစားပေးထောက်ခံခဲ့ကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသိအမှတ်ပြု ပြဋ္ဌာန်းထားသည့်ဂျန်ဒါတန်းတူညီမျှမှုရှိရေးနှင့် လက်တွေ့ဘဝတွင် အမျိုးသမီးများအနေဖြင့် မိမိတို့၏အခွင့်အရေးများအား ရရှိခံစားနိုင်မှု၊ အခွင့်အရေးများချိုးဖောက်ခံရသည့်အခါ တရားမျှတမှုနှင့် ပြန်လည်ကုစားမှုအား လက်လှမ်းမီရရှိနိုင်မှုအပါအဝင် လူမှုအဖွဲ့အစည်းအတွင်း အမျိုးသမီးများ၏ လက်တွေ့အခြေအနေတို့အကြားရှိ ကွဲပြားကွာခြားမှု (တခါတရံ အတော်ကြီးမားသော ကွဲပြားကွာခြားမှု) ကို ပါဝင်ဆွေးနွေးသူများကတညီတညွတ်ထဲ ထောက်ပြပြောဆိုခဲ့ကြသည်။

တက်ရောက်သူများသည် ဓလေ့ထုံးတမ်း၊ ဘာသာရေးဆိုင်ရာဥပဒေနှင့် အလေ့အထများတွင် ကိန်းအောင်းနေသည့် ခွဲခြားဆက်ဆံမှုဆိုင်ရာ ပြဿနာမှာ နိုင်ငံအခြေပြု ဖွဲ့စည်းပုံအခြေခံဥပဒေများထက် အလျင်ကျသော ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်ကြောင်း ယေဘုယျအားဖြင့် ပြောကြားခဲ့ကြသည်။ သို့သော် ကမ္ဘာတစ်ဝန်းမှ အခင်းအကျင်းအမျိုးမျိုးရှိ အမျိုးသမီးများအား စနစ်တကျ ဖယ်ကျဉ်ထားရာတွင် အထောက်အပံ့ပြုနေပြီး နက်ရှိုင်းစွာ အမြစ်တွယ်နေသော လူမှုအဖွဲ့အစည်းဆိုင်ရာ ယုံကြည်ချက်များ၊ စိတ်နေသဘောထားများနှင့် အမူအကျင့်များကို ပြုပြင်ပြောင်းလဲရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အရေးပါသည့်တစ်ထောင့်တစ်နေရာမှ ပါဝင်နေသည်။ ယင်းအတွက် အရေးကြီးသည်မှာ ဓလေ့ထုံးတမ်းဥပဒေနှင့် အတိုင်းအတာတစ်ခုအရ ဘာသာရေးဆိုင်ရာဥပဒေတို့သည် ရှင်သန်လျက်ရှိသော စနစ်များဖြစ်ကြောင်းနှင့် ၎င်းတို့၏ ပြောင်းလဲနိုင်စွမ်းသည် အချိန်ကြာလာသည်နှင့်အမျှ ပြုပြင်ပြောင်းလဲမှုအတွက် အခြေခံကျကြောင်း အသိအမှတ်ပြုပေးရန်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေပြဋ္ဌာန်းမှုနှင့် ရိုးရာ/ဘာသာရေးဆိုင်ရာစနစ်များ

အပါအဝင် ဥပဒေအားလုံးကို ရှင်းလင်းစေပြီး လူတိုင်းလက်လှမ်းမီသိရှိစေရန်နှင့် အချိန်ကြာလာသည်နှင့်အမျှ လိုအပ်သလိုပြောင်းလဲရာတွင် အထောက်အပံ့ဖြစ်စေရန်အတွက် ဆော်ဩစည်းရုံးကြသူများ၊ အစဉ်အလာအရနှင့် 'တရားဝင်' ဖြစ်သော ပြည်သူ့ခေါင်းဆောင်များနှင့် အင်စတီကျူးရှင်းများကို စွမ်းရည်မြှင့်တင်ပေးပြီး ကျွမ်းကျင်မှုတည်ဆောက်ပေးရန် အလွန်အရေးကြီးသည်။ ငြိမ်းချမ်းရေးညှိနှိုင်းမှုများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အဖွဲ့အစည်းများတွင် အမျိုးသမီးများ၏ အခိုင်အမာပါဝင်ဆောင်ရွက်မှုနှင့် လွှမ်းမိုးမှုတို့သည် အဓိပ္ပာယ်ပြည့်ဝစွာ ကိုယ်စားပြုနိုင်ရေးနှင့် ခန့်မှန်းခြေအားဖြင့် ဂျန်ဒါအရေး အလေးပေးသော ဖွဲ့စည်းပုံအခြေခံဥပဒေဒီဇိုင်းရရှိနိုင်ရေးတို့အတွက် အလွန်အရေးပါသည်။

သို့သော် မည်သည့်နည်းဗျူဟာကမျှ ဖိုဝါဒကြီးစိုးသော လူမှုရေးနှင့် ဥပဒေရေးရာ ဖွဲ့စည်းပုံများကို ချေဖျက်နိုင်ခြင်းမရှိပါ။ နိုင်ငံအခင်းအကျင်းတစ်ခုစီတွင် ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်ဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ်ကို ဖန်တီးဖော်ဆောင်ခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံရေးအရ ကိုက်ညီမှုရှိစေရန် တိုက်တွန်းမည့်၊ တစ်ခါတစ်ရံတွင် တွန်းအားပေးမည့် တက်ကြွသောလူမှုအဖွဲ့အစည်းတစ်ရပ် လိုအပ်ပါသည်။ ၎င်းကို အောင်မြင်စေရန်အတွက် လူမှုအဖွဲ့အစည်းဆိုင်ရာ လှုပ်ရှားမှုများပြုလုပ်ရာတွင် အမျိုးသမီးများ အကျိုးအတွက်  ကွဲပြားစုံလင်မှုဆိုင်ရာ အားသာချက်ဖြင့် ကျယ်ပြန့်ပြီး နည်းဗျူဟာကျသော မိတ်ဖက်များကိုတည်ဆောက်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ တက်ကြွလှုပ်ရှားသူများစွာက ဂျန်ဒါတန်းတူညီမျှမှုရှိရေးကို မြှင့်တင်ရာ၌ နိုင်ငံတကာဥပဒေကို အောင်မြင်စွာ အသုံးချနိုင်ခဲ့ကြသော်လည်း ယင်းအောင်မြင်မှုက နိုင်ငံတကာဥပဒေကို အကောင်အထည်ဖော်လိုက်နာကျင့်သုံးမည်ဟူသည့် နိုင်ငံ၏ ဥပဒေရေးရာနှင့် နိုင်ငံရေးရာ ကတိကဝတ်ထားရှိမှု အခြေအနေအတိုင်းအတာအပေါ် မူတည်ပါသည်။ အခြားသောဖြစ်ရပ်များ၌ ဂျန်ဒါအခွင့်အရေးဆိုင်ရာ တက်ကြွလှုပ်ရှားသူများသည် ဂျန်ဒါတန်းတူညီမျှမှုအပေါ် ထောက်ခံသည့် ဆွေးနွေးချက်များအား အထောက်အပံ့ဖြစ်စေရန် ဓလေ့ထုံးတမ်းဥပဒေပါ တိုးတက်မှုရှိသော ရှုထောင့်များကို ထိထိရောက်ရောက် အသုံးချခဲ့ကြသည်။ တက်ရောက်သူများက အထက်မှအောက်ခြေသို့ အဆင့်ဆင့်ပြောင်းလဲမှုပြုလုပ်ရန် ပြဋ္ဌာန်းထားသည့်နိုင်ငံတွင် ဂျန်ဒါတန်းတူညီမျှမှုကို ရရှိလိမ့်မည်မဟုတ်ကြောင်း သုံးသပ်ခဲ့ကြသည်။ ယဉ်ကျေးမှုဆိုင်ရာ အပြောင်းအလဲများကို အစပျိုးရန်အတွက် အမျိုးသမီးများအား ၎င်းတို့၏ အသိုက်အဝန်းများအတွင်း စွမ်းရည်မြှင့်တင်ပေးပြီး ၎င်းတို့အားပံ့ပိုးမှုပေးနိုင်သည့် ပိုမိုကျယ်ပြန့်သော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေရေးရာမူဘောင်ကို အမှီပြုနိုင်မှသာ ကြာရှည်တည်တံ့သောပြောင်းလဲမှုကို ရရှိနိုင်မည်ဖြစ်သည်။

# နောက်ဆက်တွဲ (က) အစီအစဉ်

**ပထမနေ့၊ ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်**

| အချိန် (CET) | ဆွေးနွေးခန်း |
|---|---|
| ၁၄း၃၀-၁၄း၄၅ | ကြိုဆိုခြင်း၊ ရည်မှန်းချက်များနှင့် မိတ်ဆက် |
| ၁၄း၄၅-၁၆း၀၀ | **ဆွေးနွေးခန်း (၁) - ပြဿနာများကို ဖော်ထုတ်ခြင်း - ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ဓလေ့ထုံးတမ်းနှင့် အမျိုးသမီးများ၏ တန်းတူညီမျှမှု**<br><br>ဤအခန်း၌ ပွဲတွင်ဆွေးနွေးသွားမည့် အဓိကအကြောင်းအရာကိုပုံဖော်၍ အဓိကအခြေခံသဘောတရားများအား ဖော်ထုတ်ကာ ဓလေ့ထုံးတမ်း(နှင့် ဘာသာရေး) ဆိုင်ရာစနစ်များအပေါ် အသိအမှတ်ပြုလျက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဂျန်ဒါတန်းတူညီမျှမှုရှိရေး အာမခံချက်များကို ညှိနှိုင်းဖြေရှင်းရာတွင် အတွေ့များသည့် ပြဿနာများနှင့် စိန်ခေါ်မှုများအကြောင်း အကြမ်းဖျင်းပြောကြားသွားမည်ဖြစ်သည်။ ဟောပြောသူများက ဥပဒေရေးရာ ဗဟုဝါဒ၊ ထုံးတမ်း (နှင့်ဘာသာရေး) ဆိုင်ရာစနစ်များ၊ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ၊ဂျန်ဒါတန်းတူညီမျှမှုတို့၏ အခြေခံသဘောတရားများနှင့် အထူးစီမံဆောင်ရွက်ချက်များအကြောင်း ရှင်းလင်းတင်ပြပါမည်။ ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ အမြစ်တွယ်နေသည့် ဂျန်ဒါတန်းတူညီမျှမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း ဓလေ့ထုံးတမ်း (နှင့်/သို့မဟုတ်) ဘာသာရေးဆိုင်ရာစနစ်များကို အသိအမှတ်ပြုမှုတို့နှင့်စပ်လျဉ်း၍ အချိန်နှင့်အမျှ ပြောင်းလဲနေသည့် အခြေအနေများကိုလည်း ပြန်လည်ဆန်းစစ်ပြီး တင်းမာမှုများအား ဟန်ချက်ညီအောင် ဆောင်ရွက်ရာနှင့် ပြေလည်အောင် ဖြေရှင်းရာတို့တွင် အသုံးပြုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ချဉ်းကပ်နည်းအမျိုးမျိုးအကြောင်း ကနဦးအကြမ်းဖျင်းပြောကြားသွားပါမည်။<br><br>**ဦးဆောင်ဆွေးနွေးသူ** - **Erin Houlihan** - အစီအစဉ်မှူး၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအစီအစဉ်၊ International IDEA။<br>**ပါဝင်ဆွေးနွေးသူများ** -<br>**Susan H. Williams** – Walter W. Foskett ဥပဒေရေးရာပါမောက္ခ။ ဒါရိုက်တာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဒီမိုကရေစီစင်တာ၊ Indiana University Maurer School of Law။<br>**Christine Bell** - ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပါမောက္ခနှင့် လက်ထောက်ကျောင်းအုပ် (Global Justice) ၊ အီဒင်ဘာ့ဂ်တက္ကသိုလ်နှင့် ဥပဒေကျောင်း။<br>**Aleta Sprague** - အကြီးတန်း ဥပဒေရေးရာ စိတ်ဖြာလေ့လာသူ၊ WORLD Policy Analysis Center ၊ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ် တက္ကသိုလ် (ULCA) ပြည်သူ့ကျန်းမာရေးဆိုင်ရာ သင်တန်းကျောင်း။<br>**Judy Gitau** - ဒေသတွင်း ညှိနှိုင်းရေးမှူး၊ အာဖရိက၊ Equality Now။ |

| | |
|---|---|
| ၁၆း၁၀-၁၇း၂၅ | **ဆွေးနွေးခန်း (၂) - ဝိသေသ၊ အသိအမှတ်ပြုမှုနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ် - ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်တွင် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများနှင့် ဂျန်ဒါ တရားမျှတမှုဆိုင်ရာလိုအပ်ချက်များ မည်သို့ပေါ်ပေါက်လာနိုင်သနည်း။ ကဏ္ဍပေါင်းစုံဆက်နွှယ်နေသော ဝိသေသများက ညွန့်ပေါင်းအဖွဲ့ဖွဲ့စည်းခြင်းကို မည်သို့ပုံဖော်ပေးနိုင်သနည်း။**<br><br>ဤဆွေးနွေးခန်းတွင် အမျိုးသမီးများက ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေး လုပ်ငန်းစဉ်အတွင်း ညွန့်ပေါင်းအဖွဲ့များဖွဲ့စည်း၍ အဆိုပါအငြင်းပွားဖွယ် ပြဿနာများကိုအရင်းခံသည့် ကွဲပြားခြားနားမှုများကို ပေါင်းကူးပေးရန်အတွက် ဆော်ဩစည်းရုံးမည့် နည်းလမ်းများကို စိစစ်ဖော်ထုတ်သွားမည်ဖြစ်သည်။ ပါဝင်ဆွေးနွေးသူများက ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေး လုပ်ငန်းစဉ်အတွင်း ဓလေ့ထုံးတမ်း (သို့မဟုတ် ဘာသာရေး) ဆိုင်ရာစနစ်များအပါအဝင် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများအား အသိအမှတ်ပြု၊ အကာအကွယ်ပေးရန်နှင့် အမျိုးသမီးများ တန်းတူညီမျှမှုရှိရေးအတွက် အကာအကွယ်ပေးရန် လိုအပ်ချက်များ အပြိုင်အဆိုင်ပေါ်ပေါက်လာနိုင်ပုံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်သစ်အတွက် ဘုံသဘောတူညီမှုရယူရာတွင် အဆိုပါပြဿနာများ၏ အရေးပါပုံ၊ အမျိုးသမီးများ၌ ကဏ္ဍပေါင်းစုံဆက်နွှယ်နေသော ဝိသေသနှင့် အကျိုးစီးပွားပေါင်းစုံရှိသည့်အနက် မဟာမိတ်အဖွဲ့များဖွဲ့စည်းရာတွင် တွေ့ရသည့်စိန်ခေါ်မှုများနှင့် အောင်မြင်မှုများအကြောင်း ဆွေးနွေးသွားမည်ဖြစ်သည်။<br><br>**ဦးဆောင်ဆွေးနွေးသူ - Kimana Zulueta-Fülscher** - ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေး အစီအစဉ်၏ ယာယီခေါင်းဆောင်၊ International IDEA။<br>**ပါဝင်ဆွေးနွေးသူများ -**<br>**Atsango Chesoni** - စီမံအုပ်ချုပ်ရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အကြံပေး။ အမှုဆောင်ဒါရိုက်တာဟောင်း၊ ကင်ညာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်။ ဒုဥက္ကဋ္ဌဟောင်း၊ ကင်ညာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်ဆန်းစစ်ရေး ပညာရှင်များကော်မတီ။<br>**Lobna Jeribi** - တည်ထောင်သူဥက္ကဋ္ဌ၊ Solidar Tunisie။ အဓိကအမျိုးသားရေးစီမံကိန်းများ/ပြုပြင်ပြောင်းလဲရေးဝန်ကြီးဟောင်း။ အမျိုးသားတိုင်းပြုပြည်ပြု လွှတ်တော်ကိုယ်စားလှယ်၊ တူနီးရှား။<br>**Rim Turkmani** - သုတေသနအဖွဲ့ဝင်နှင့် ဆီးရီးယားနိုင်ငံပဋိပက္ခဆိုင်ရာ သုတေသနပြုရေး အစီအစဉ် (CRP) ဒါရိုက်တာ၊ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဌာန၊ လန်ဒန်စီးပွားရေးသင်တန်းကျောင်း။<br>**Onalenna Selolwane** - ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဂျန်ဒါရေးရာ ပညာရှင်၊ သင်ကြားရေးဆရာမဟောင်း၊ ဘော့ဆွာနာတက္ကသိုလ်။ တည်ထောင်သူအဖွဲ့ဝင်နှင့် ဥက္ကဋ္ဌဟောင်း၊ Emang Basadi အမျိုးသမီးများအသင်း။ အမှုဆောင်ကော်မတီဝင်၊ အမျိုးသမီးများအတွက် Mosadi Khumo လူမှုစီးပွားရေးဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးဖိုရမ်၊ ဘော့ဆွာနာ။ |

**ဒုတိယနေ့၊ ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်**

| အချိန် (CET) | ဆွေးနွေးခန်း |
|---|---|
| **၁၄း၃၀-၁၄း၃၅** | အဖွင့်အမှာစကား ပြောကြားခြင်းနှင့် ပထမနေ့က ဆွေးနွေးခဲ့သည်များကို အကျဉ်းချုံး ပြန်လည်သုံးသပ်ခြင်း |
| **၁၄း၃၅-၁၅း၄၀** | **ဆွေးနွေးခန်း (၃) – နှိုင်းယှဉ်လေ့လာနိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ဒီဇိုင်းဆိုင်ရာ ချဉ်းကပ်နည်းများ - ဖွဲ့စည်းပုံအခြေခံဥပဒေက နိုင်ငံတစ်ဝန်းကျင့်သုံးသည့် ‘တရားဝင်’/’ အများပြည်သူဆိုင်ရာ စနစ်များ’ နှင့် ဓလေ့ထုံးတမ်းနှင့် ဘာသာရေးဆိုင်ရာစနစ်များအကြား ဆက်နွယ်မှုကို မည်သို့ဘောင်ခတ် ပုံဖော်ပေးသနည်း။ ဖွဲ့စည်းပုံအခြေခံဥပဒေက အများပြည်သူ/နိုင်ငံလုံးဆိုင်ရာ စံတန်ဖိုးများနှင့် ယဉ်ကျေးမှု (သို့) ဘာသာရေး အုပ်စုတစ်ခုခု၏ အကျိုးစီးပွားတို့အကြားရှိ တင်းမာမှုများ (သို့မဟုတ် ပဋိပက္ခများ) ကို မည်သို့ ပြေလည်အောင် ဖြေရှင်းပေးနိုင်သနည်း။**<br><br>ဤအပိုင်းတွင် ‘နိုင်ငံအဝှမ်းလွှမ်းခြုံမှုရှိသော ဥပဒေစနစ်များ’ နှင့် ‘နိုင်ငံအဝှမ်းလွှမ်းခြုံမှုမရှိသော’ ဥပဒေစနစ်များအကြား ဆက်နွယ်မှုကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပုံဖော်ခြင်းနှင့်စပ်လျဉ်း၍ ‘ပေါင်းစည်းခြင်းမရှိဘဲ အသိအမှတ်ပြုခြင်း’၊ ‘တစ်စိတ်တစ်ပိုင်း ပေါင်းစည်းခြင်း’ နှင့် ‘အပြည့်အဝပေါင်းစည်းခြင်း’ဆိုင်ရာရှုထောင့် (လျော့ရဲရဲ)မှကြည့်ပြီး နှိုင်းယှဉ်လေ့လာနိုင်မည့်နည်းလမ်းများကို စိစစ်ဆွေးနွေးသွားမည်ဖြစ်သည်။ ပါဝင်ဆွေးနွေးသူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များက ဓလေ့ထုံးတမ်း/ဘာသာရေးဆိုင်ရာ ဥပဒေများနှင့် ဂျန်ဒါတန်းတူညီမျှမှုရှိရေး၊ ခွဲခြားဆက်ဆံမှုကင်းရေး အာမခံချက်များအကြား တွေ့ရနိုင်သော ရှေ့နောက်မညီညွတ်မှုများကို ပြေလည်အောင် ဖြေရှင်းပေးနိုင်ခြင်းရှိမရှိနှင့် မည်သို့ဖြေရှင်းပေးနိုင်ကြောင်းတို့ကိုလည်း ဆွေးနွေးသွားမည်ဖြစ်ပါသည်။<br><br>ဒီဇိုင်းထည့်သွင်းစဉ်းစားမှုများနှင့် အင်စတီကျူးရှင်းဆိုင်ရာ ဖွဲ့စည်းပုံများအား စစ်ဆေးရာတွင် ဥပမာအားဖြင့် ပြဋ္ဌာန်းချက်များ၏ ရှင်းလင်းပြတ်သားမှုနှင့် တသတ်မှတ်တည်းရှိမှု၊ ဓလေ့ထုံးတမ်း (သို့မဟုတ် ဘာသာရေး) ဆိုင်ရာ စနစ်များအတွက် မူဘောင်ရေးဆွဲမှု (သို့) အဓိပ္ပာယ်ဖွင့်ဆိုမှု၊ တသတ်မှတ်တည်းမရှိသော အပိုဒ်ငယ်များ (သို့) ပြန်လည်ရုပ်သိမ်းနိုင်ခွင့်ဆိုင်ရာ အပိုဒ်ငယ်များကို အသုံးချမှု၊ ဓလေ့ထုံးတမ်း (သို့မဟုတ် ဘာသာရေးဆိုင်ရာ) အင်စတီကျူးရှင်းများ၏အခန်းကဏ္ဍနှင့် အသိအမှတ်ပြုခံရမှု၊ စီရင်ချက်ချပိုင်ခွင့်အာဏာနှင့်ဆက်စပ်သည့် ပြဿနာများ ၊နိုင်ငံတကာဥပဒေအခြေအနေ၊ တရားစီရင်ရေးအဖွဲ့၏ အခန်းကဏ္ဍ၊ တရားစီရင်ဆုံးဖြတ်နိုင်မှုဆိုင်ရာပြဿနာများ၊ အစိုးရ၏ ကြီးကြပ်ကွပ်ကဲရေး (သို့) စည်းမျဉ်းကြပ်မတ်ရေးယန္တရားများ၊ ဂျန်ဒါတန်းတူညီမျှမှုရှိရေးကိုမြှင့်တင်ရန် အထူးစီမံဆောင်ရွက်ချက်များကို ထည့်သွင်းလုပ်ဆောင်မှုနှင့် အစိုးရ၏တာဝန်ဝတ္တရားများ စသည်တို့ ပါဝင်မည်ဖြစ်သည်။ ပါဝင်ဆွေးနွေးသူများက အဆိုပါချဉ်းကပ်နည်းအမျိုးမျိုး၏ အကျိုးကျေးဇူးများနှင့် စိန်ခေါ်မှုများကို ထည့်သွင်းစဉ်းစားပါမည်။<br><br>**ဦးဆောင်ဆွေးနွေးသူ** - **Christina Murra**y - United Nations Mediation Support Standby Team အဖွဲ့ဝင်၊ လူ့အခွင့်အရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဂုဏ်ထူးဆောင်ပါမောက္ခ၊ Cape Town တက္ကသိုလ်၊ တောင်အာဖရိက။<br>**ပါဝင်ဆွေးနွေးသူများ -**<br>**Lobna Jeri**bi - တည်ထောင်သူဥက္ကဋ္ဌ၊ Solidar Tunisie။ အဓိကအမျိုးသားရေးစီမံကိန်းများ/ပြုပြင်ပြောင်းလဲရေး ဝန်ကြီးဟောင်း။ အမျိုးသားတိုင်းပြုပြည်ပြုလွှတ်တော်ကိုယ်စားလှယ်၊ တူနီးရှား။ |

| | |
|---|---|
| | **Caroline Kibos** - ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးအတွက် တောင်ဆူဒန်အမျိုးသမီးများ ညွန့်ပေါင်းအဖွဲ့။ ကိုယ်စားလှယ်၊ ပြန်လည်ဖွဲ့စည်းထားသော စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ရေး ပူးတွဲကော်မရှင် (RJMEC)။<br>**Fernanda San Martín Carrasco** - လက်တင်အမေရိကဆိုင်ရာ အစီအစဉ်မန်နေဂျာ၊ လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်ဆိုင်ရာ နိုင်ငံတကာ လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (IPPFORB)၊ ဘိုလီးဗီးယား။<br>**Mona-Lisa Mungure** - ရှေ့နေ။ Molao Matters မှ ဒါရိုက်တာ၊ ဘော့ဆွာနာ။ |

**ဒုတိယနေ့၊ ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁၉ ရက် (အဆက်)**

| အချိန် (CET) | ဆွေးနွေးခန်း |
|---|---|
| ၁၅း၅၀-၁၆း၅၅ | **ဆွေးနွေးခန်း (၄) - မျှခြေနှင့် ပြုပြင်ပြောင်းလဲရေး ကုစားမှုများကို အကောင်အထည်ဖော်တည်ဆောက်ခြင်း - နှိုင်းယှဉ်လေ့လာနိုင်သော ချဉ်းကပ်နည်းများတွင် တွေ့ရသည့် အောင်မြင်မှုများနှင့် စိန်ခေါ်မှုများ**<br><br>နိုင်ငံနှင့် ဝေလှေ့ထုံးတမ်းဆိုင်ရာ ဥပဒေတို့အကြား ဆက်နွှယ်မှု ကိုဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပုံဖော်ထားပုံ၊ ထို့နောက် ဓလေ့ထုံးတမ်း/ဘာသာရေးဆိုင်ရာ စနစ်များ၏ ခွဲခြားဆက်ဆံမှုရှိသော အပိုင်းများအား ဖွဲ့စည်းပုံအခြေခံဥပဒေက ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းထားခြင်းရှိမရှိနှင့် မည်သို့ပြုပြင်ပြောင်းလဲထားကြောင်းတို့ကို ထည့်သွင်းစဉ်းစားလျက် အမျိုးသမီးများ တန်းတူညီမျှမှုရှိရေးဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေ အာမခံချက်များအား အကောင်အထည်ဖော်ရာတွင် နှိုင်းယှဉ်တွေ့ရှိရသည့် အောင်မြင်မှုများနှင့် စိန်ခေါ်မှုများကို ဤဆွေးနွေးခန်းတွင် စစ်ဆေးလေ့လာသွားမည်ဖြစ်သည်။ ဆွေးနွေးချက်များ၌ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ကုစားမှုအမျိုးအစားများနှင့် ၎င်းတို့၏လည်ပတ်လုပ်ဆောင်ပုံအကြောင်းတို့ကို အသားပေးပြောကြားသွားမည်ဖြစ်သည်။<br><br>ဖွဲ့စည်းပုံအခြေခံဥပဒေပါ လမ်းဖွင့်ပေးသောကုစားမှုများသည် မတရားမှုများကို တရားသဖြင့် ဖြေရှင်းရန်အတွက် နိုင်ငံ့တရားရုံးများသို့ အယူခံဝင်ခြင်းကဲ့သို့ ယန္တရားများကိုပံ့ပိုးပေးသည်။ ပြုပြင်ပြောင်းလဲရေး ကုစားမှုများကမူ ထုံးတမ်း (သို့) ဘာသာရေးဆိုင်ရာ စနစ်များတွင်ပါဝင်သည့် ခွဲခြားဆက်ဆံသော (သို့) ထိခိုက်နစ်နာစေသော အစိတ်အပိုင်းများကဲ့သို့ ပြဿနာရင်းမြစ်များအား ပြုပြင်ပြောင်းလဲပေးနိုင်မည့် ယန္တရားများကို ပံ့ပိုးပေးသည်။ (ဥပမာ ဓလေ့ထုံးတမ်းဥပဒေကို မွမ်းမံရန်အတွက် ဥပဒေများနှင့် သတ်မှတ်ချက်များကိုစီစဉ်ပေါင်းစုခြင်း)။ နောက်ထပ်ချဉ်းကပ်နည်းတစ်ခုမှာ တရားဝင်နိုင်ငံစနစ်တွင် အမျိုးသမီးများပါဝင်ဆောင်ရွက်မှုနှင့် လွှမ်းမိုးမှုတို့ကိုမြှင့်တင်ရန် ရည်ရွယ်သည့် အထူးစီမံဆောင်ရွက်ချက်များကို အသုံးချခြင်းဖြစ်သည်။ ၎င်းတို့က ဓလေ့ထုံးတမ်းဆိုင်ရာစနစ်နှင့် အပြန်အလှန်ဆက်နွှယ်မှု ရှိခြင်းသော်လည်းကောင်း၊ မရှိခြင်းသော်လည်းကောင်း ဖြစ်နိုင်သည်။ ပါဝင်ဆွေးနွေးသူများက အမျိုးသမီးများ တန်းတူညီမျှမှုရှိရေးကို မြှင့်တင်ရာတွင်၊ ခွဲခြားဆက်ဆံသော အမြင်များနှင့် အလေ့အထများကို ကုစား ရာတွင် နှင့်/သို့မဟုတ် ပြုပြင်ပြောင်းလဲရာတွင် အဆိုပါချဉ်းကပ်နည်းများ၏ ကောင်းကွက်ဆိုးကွက်များကို ထည့်သွင်းစဉ်းစားသွားမည်ဖြစ်သည်။<br><br>ပြဿနာများတွင် ဥပမာအားဖြင့် ဥပဒေများကို စီစဉ်ပေါင်းစုခြင်းအပါအဝင် အဆိုပါချဉ်းကပ်နည်းအမျိုးမျိုး၏ ကောင်းကွက်ဆိုးကွက်များ၊ (အစိုးရ၏) တရားရေးအရ ကြားဝင်ဆောင်ရွက်မှု၊ အထူးစီမံဆောင်ရွက်ချက်များနှင့် ဓလေ့ထုံးတမ်း/ဘာသာရေးဆိုင်ရာ စနစ်များနှင့် ယင်းဆောင်ရွက်ချက်များ၏ အပြန်အလှန်ဆက်နွှယ်မှုများ (ရှိပါက)၊ အခြားသော တရားဝင်နှင့် အလွတ်သဘော ယန္တရားများ ပါဝင်သည်။ ပါဝင်ဆွေးနွေးသူများက နိုင်ငံရေးစိတ်ဆန္ဒ၊ လူမှုအဖွဲ့အစည်းအပေါ် အလေးထားဂရုပြုမှု၊ ဤလုပ်ငန်းစဉ်ကို ပံ့ပိုးပေးသည့် (သို့) ဟန့်တားနေသည့် စိတ်နေသဘောထားများနှင့် အမူအကျင့်များဆိုင်ရာ ပြဿနာများကို သင့်လျော်သလို ဆွေးနွေးဖြေရှင်းသွားကြမည်ဖြစ်သည်။ |

| | |
|---|---|
| | **ဦးဆောင်ဆွေးနွေးသူ - Susan H. Williams** – Walter W. Foskett ဥပဒေရေးရာပါမောက္ခ၊ ဒါရိုက်တာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဒီမိုကရေစီစင်တာ၊ Indiana University Maurer School of Law။<br>**ပါဝင်ဆွေးနွေးသူများ -**<br>**Elsie Alexander** - ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဂျန်ဒါရေးရာ အကြံပေးနှင့် စွန့်ဦးတီထွင်သူ၊ ဒါရိုက်တာ၊ Putting Women First Trust၊ ဘော့ဆွာနာ။<br>**Toribia Lero Quispe** - အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (နိုင်ငံသားအသိုက်အဝန်းဆိုင်ရာ ညွှန့်ပေါင်းအဖွဲ့) ၊ ဘိုလီးဗီးယားနိုင်ငံ ပြည်သူ့လွှတ်တော်။ ဥက္ကဋ္ဌ၊ ဌာနေတိုင်းရင်းသားလူမျိုးများနှင့် တောင်သူလယ်သမားများ၊ ယဉ်ကျေးမှုနှင့် ယဉ်ကျေးမှုပေါင်းစုံ ကော်မရှင်။<br>**Jackline Nasiwa** - တည်ထောင်သူ၊ လူတိုင်းအကျုံးဝင် စီမံအုပ်ချုပ်ရေး၊ ငြိမ်းချမ်းရေးနှင့် တရားမျှတမှုရှိရေးစင်တာ (CIGPJ)။ ဒါရိုက်တာဘုတ်အဖွဲ့ဥက္ကဋ္ဌ၊ တောင်ဆူဒန် နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရှေ့နေများမဟာမိတ်အဖွဲ့ (NAWL)။<br>**Marilyn Muthoni Kamuru** - ရှေ့နေနှင့် ဂျန်ဒါရေးရာပညာရှင်၊ ကင်ညာ။ |
| **၁၆း၅၅-၁၇း၂၅** | **ဆွေးနွေးခန်း (၅) - ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်မှုပညာကို ပြန်လည်ပုံဖော်ခြင်း - သဟဇာတဖြစ်စေရေး၊ ပြုပြင်ပြောင်းလဲရေး၊ အမျိုးသမီးများအားစွမ်းရည်မြှင့်တင်ပေးရေးတို့နှင့် စပ်လျဉ်းသည့် ဆန်းသစ်သော ချဉ်းကပ်နည်းများကို ဖော်ထုတ်ခြင်း**<br><br>**ဦးဆောင်ဆွေးနွေးသူ - Christine Bell နှင့် Erin Houlihan**<br>ဤနိုးနှောဆွေးနွေးခန်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေများ၌ ဓလေ့ထုံးတမ်း/ဘာသာရေးဆိုင်ရာ ဥပဒေနှင့် ဂျန်ဒါတန်းတူညီမျှမှုတို့ကိုအသိအမှတ်ပြု၍ ထိုနှစ်ခုအကြား လိုက်လျော်ညီထွေမှုရှိအောင် ညှိနှိုင်းနိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်းသော အဓိကထိုးထွင်းအမြင်များနှင့် သင်ခန်းစာများအကြောင်း အနှစ်ချုပ်ပြောကြားရန် ရည်ရွယ်ပါသည်။ အထူးသဖြင့် ဓလေ့ထုံးတမ်းတွင်ပါဝင်သည့် အချက်များအပြင် အမျိုးသမီးများ၏ လူမှုစီးပွားရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေး အရင်းအမြစ်များနှင့် အခြေအနေတို့အား ပြုပြင်ပြောင်းလဲရေးအပေါ် ပိုမိုထိရောက်စွာပံ့ပိုးနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှု၊ ဒီဇိုင်း၊ အကောင်အထည်ဖော်မှုတို့နှင့်စပ်လျဉ်းသော ရွေးချယ်မှုများပြုလုပ်ရာ၌ ထည့်သွင်းဆောင်ရွက်နိုင်သည့် နည်းဗျူဟာများနှင့် ဆန်းသစ်တီထွင်မှုများကိုဖော်ထုတ်ပေးပါသည်။ အပြုသဘောဆောင်သော ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရာတွင် အထောက်အကူပြုခဲ့သည့် သတ်မှတ်ချက်များ၊ မူဘောင်များ၊ အင်စတီကျူးရှင်းများနှင့် လှုပ်ရှားဆောင်ရွက်သူများအား ဖော်ထုတ်ခြင်းနှင့် အခြားနေရာများတွင်လည်း အလားတူချဉ်းကပ်နည်းများကို ပံ့ပိုးရာ၌ တွေ့ရမည့်လစ်ဟာချက်များနှင့် လိုအပ်ချက်များအား ဖော်ထုတ်ခြင်းတို့ကို အလေးထားဆောင်ရွက်သွားပါမည်။<br><br>အထူးအလေးထား ဆွေးနွေးမည့်နယ်ပယ် - အဆိုပါပြုပြင်ပြောင်းလဲမှုများကို အမျိုးသမီးများ ဦးဆောင်ခဲ့ပုံများ၊ ဓလေ့ထုံးတမ်းဆိုင်ရာ အင်စတီကျူးရှင်းခေါင်းဆောင်များနှင့် 'တရားဝင်' အင်စတီကျူးရှင်းများ (ဥပမာ တရားရုံးများ၊ ဥပဒေပြုလွှတ်တော်များနှင့် အမှီအခိုကင်းသော ကြီးကြပ်ကွပ်ကဲရေး အင်စတီကျူးရှင်းများ) ၏ အခန်းကဏ္ဍနှင့် ပံ့ပိုးမှုများနှင့် နိုင်ငံတကာအသိုက်အဝန်း။ |
| **၁၇း၂၅- ၁၇း၃၀** | အဓိကအချက်များနှင့် အနှစ်ချုပ် |

# နောက်ဆက်တွဲ (ခ) တက်ရောက်သူများစာရင်း

**Tiare Maeva Carolina Aguilera Hey** - ရှေ့နေ။ Rapa Nui ပြည်သူ့ကိုယ်စားလှယ်၊ ချီလီနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သဘောတူညီချက်။

**Elsie Alexander** - ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဂျန်ဒါရေးရာ အကြံပေးနှင့် စွန့်ဦးတီထွင်သူ။ ဒါရိုက်တာ၊ Putting Women First Trust၊ ဘော့ဆွာနာ။

**Christine Bell** - ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပါမောက္ခနှင့် လက်ထောက်ကျောင်းအုပ် (Global Justice) ၊ အီဒင်ဘာ့ဂ်တက္ကသိုလ်နှင့် ဥပဒေကျောင်း။

**Sumit Bisarya** - ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကြံပေးအရာရှိ၊ ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် နိုင်ငံရေးရာကိစ္စရပ်များဆိုင်ရာ ကုလသမဂ္ဂဌာန။ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးအစီအစဉ်၏ အဖွဲ့ခေါင်းဆောင် (ဟောင်း/သစ်) ၊ International IDEA။

**Atsango Chesoni** - စီမံအုပ်ချုပ်ရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အကြံပေး။ အမှုဆောင်ဒါရိုက်တာဟောင်း၊ ကင်ညာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်။ ဒုဥက္ကဋ္ဌဟောင်း၊ ကင်ညာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်ဆန်းစစ်ရေး ပညာရှင်များကော်မတီ။

**Mona-Lisa Mungure** - ရှေ့နေ။ Molao Matters မှ ဒါရိုက်တာ၊ ဘော့ဆွာနာ။

**Rebeca Elvira Delgado Burgoa** - ရှေ့နေ။ တရားသူကြီးဟောင်း။ ဘိုလီးဗီးယားနိုင်ငံ ခုံသမာဓိရုံးရှိ လူ့အခွင့်အရေးဆိုင်ရာဌာနမှ ခေါင်းဆောင်ဟောင်း။ ဌာနဆိုင်ရာ ရွေးကောက်ပွဲ ခုံအဖွဲ့ဝင်ဟောင်း။ Andean ပါလီမန်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဟောင်း။

**Pamela Figueroa Rubio** - တက္ကသိုလ်ဆရာ၊ ဆန်တီယာဂိုတက္ကသိုလ် အဆင့်မြင့်လေ့လာရေးအင်စတီကျု၊ ချီလီနိုင်ငံ။ ပညာရပ်ဆိုင်ရာ ညှိနှိုင်းရေးမှူး၊ New Constitution Observatory။

**Judy Gitau** - ဒေသတွင်း ညှိနှိုင်းရေးမှူး၊ အာဖရိက၊ Equality Now။

**Sharon Pia Hickey** - တွဲဖက်အစီအစဉ်မှူး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးအစီအစဉ်၊ International IDEA။

**Erin Colleen Houlihan** - အစီအစဉ်မှူး၊ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးအစီအစဉ်၊ International IDEA။

**María Jaraquemada** - အစီအစဉ်မှူး၊ ချီလီနှင့် လက်တင်အမေရိက တောင်ဘက်ခြမ်းနိုင်ငံများ၊ International IDEA။

**Lobna Jeribi** - တည်ထောင်သူဥက္ကဋ္ဌ၊ Solidar Tunisie။ အဓိကအမျိုးသားရေးစီမံကိန်းများ/ပြုပြင်ပြောင်းလဲရေး ဝန်ကြီးဟောင်း။ အမျိုးသားတိုင်းပြုပြည်ပြုလွှတ်တော်ကိုယ်စားလှယ်၊ တူနီးရှား။

**Marilyn Muthoni Kamuru** - ရှေ့နေနှင့် ဂျန်ဒါရေးရာပညာရှင်၊ ကင်ညာ။

**Caroline Kibos** - ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးအတွက် တောင်ဆူဒန်အမျိုးသမီးများညွန့်ပေါင်းအဖွဲ့။ ကိုယ်စားလှယ်၊ ပြန်လည်ဖွဲ့စည်းထားသော စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ရေး ပူးတွဲကော်မရှင် (RJMEC)။

**Toribia Lero Quispe** - အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (နိုင်ငံသားအသိုက်အဝန်းဆိုင်ရာ ညွှန့်ပေါင်းအဖွဲ့)၊ ဘိုလီးဗီးယားနိုင်ငံ ပြည်သူ့လွှတ်တော်။ ဥက္ကဋ္ဌ၊ ဌာနေတိုင်းရင်းသားလူမျိုးများနှင့် တောင်သူလယ်သမားများ၊ ယဉ်ကျေးမှုနှင့် ယဉ်ကျေးမှုပေါင်းစုံ ကော်မရှင်။

**Christina Murray** - United Nations Mediation Support Standby Team အဖွဲ့ဝင်၊ လူ့အခွင့်အရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဂုဏ်ထူးဆောင်ပါမောက္ခ၊ Cape Town တက္ကသိုလ်၊ တောင်အာဖရိက။

**Jackline Nasiwa** - တည်ထောင်သူ၊ လူတိုင်းအကျုံးဝင် စီမံအုပ်ချုပ်ရေး၊ ငြိမ်းချမ်းရေးနှင့် တရားမျှတမှုရှိရေးစင်တာ (CIGPJ)။ ဒါရိုက်တာဘုတ်အဖွဲ့ဥက္ကဋ္ဌ၊ တောင်ဆူဒန် နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရှေ့နေများမဟာမိတ်အဖွဲ့ (NAWL)။

**Hyeshin Park** - စီးပွားရေးပညာရှင်၊ ဂျန်ဒါအစီအစဉ်ညှိနှိုင်းရေးမှူး၊ စီးပွားရေးညှိနှိုင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (OECD) စင်တာ။

**Fernanda San Martin Carrasco** - လက်တင်အမေရိကဆိုင်ရာ အစီအစဉ်မန်နေဂျာ၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ဆိုင်ရာ နိုင်ငံတကာ လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (IPPFORB)၊ ဘိုလီးဗီးယား။

**Onalenna Selolwane** - ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဂျန်ဒါရေးရာ ပညာရှင်၊ သင်ကြားရေးဆရာမဟောင်း၊ ဘော့ဆွာနာ တက္ကသိုလ်။ တည်ထောင်သူအဖွဲ့ဝင်နှင့် ဥက္ကဋ္ဌဟောင်း၊ Emang Basadi အမျိုးသမီးများအသင်း။ အမှုဆောင်ကော်မတီဝင်၊ အမျိုးသမီးများအတွက် Mosadi Khumo လူမှုစီးပွားရေးဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးဖိုရမ်၊ ဘော့ဆွာနာ။

**Aleta Sprague** - အကြီးတန်း ဥပဒေရေးရာ စိတ်ဖြာလေ့လာသူ၊ WORLD Policy Analysis Center၊ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ် တက္ကသိုလ် (ULCA) ပြည်သူ့ကျန်းမာရေးဆိုင်ရာ သင်တန်းကျောင်း။

**Silvia Suteu** - တွဲဖက်ပါမောက္ခနှင့် Athena Scientific Women's Academic Network (SWAN) ခေါင်းဆောင်၊ လန်ဒန်တက္ကသိုလ်ကောလိပ်။

**Nanako Tamaru** - ငြိမ်းချမ်းရေးနှင့် လုံခြုံရေး အတိုင်ပင်ခံပုဂ္ဂိုလ်။ အကြီးတန်းအစီအစဉ်အရာရှိဟောင်း၊ သုတေသနနှင့် လေ့ကျင့်သင်ကြားရေး၊ လူတိုင်းအကျုံးဝင်လုံခြုံမှုရှိရေး။

**Rim Turkmani** - သုတေသနအဖွဲ့ဝင်နှင့် ဆီးရီးယားနိုင်ငံ ပဋိပက္ခဆိုင်ရာ သုတေသနပြုရေး အစီအစဉ် (CRP) ဒါရိုက်တာ၊ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဌာန၊ လန်ဒန်စီးပွားရေးသင်တန်းကျောင်း။

**Verónica Undurraga** - ဥပဒေရေးရာ ပါမောက္ခ၊ Universidad Adolfo Ibáñez၊ ချီလီ။

**Sindiso Mnisi Weeks** - ဥပဒေနှင့် လူမှုအဖွဲ့အစည်းဆိုင်ရာ တွဲဖက်ပါမောက္ခ၊ ကမ္ဘာလုံးဆိုင်ရာ လူတိုင်းအကျုံးဝင်ရေးနှင့် လူမှုရေးရာ ဖွံ့ဖြိုးတိုးတက်မှုသင်တန်းကျောင်း၊ မာဆာချူးဆက် ဘော်စတွန်တက္ကသိုလ်။ ပြည်သူ့ရေးရာဥပဒေဆိုင်ရာ အချိန်ပိုင်းတွဲဖက်ပါမောက္ခ၊ Cape Town တက္ကသိုလ်။

**Susan H. Williams** – Walter W. Foskett ဥပဒေရေးရာပါမောက္ခ။ ဒါရိုက်တာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဒီမိုကရေစီစင်တာ၊ Indiana University Maurer School of Law။

**Kimana Zulueta - Fülscher** - ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးအစီအစဉ်၏ ယာယီခေါင်းဆောင်၊ International IDEA။

# စာရေးသူများအကြောင်း

**Rhys Ainswort**h သည် ၂၀၂၁ ခုနှစ်တွင် University of Edinburgh မှ LLB ဥပဒေဘွဲ့ကို ရရှိခဲ့သည်။ ယင်းနောက် Peacerep က ရန်ပုံငွေထောက်ပံ့ထားသည့် Edinburgh ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာစင်တာတွင် လက်ထောက်သုတေသနပညာရှင်အနေဖြင့် ၂၀၂၂ ခုနှစ် ဇူလိုင်လအထိ အလုပ်လုပ်ခဲ့ပါသည်။ လက်ရှိအချိန်တွင် အီဒင်ဘာ့ဂ်မြို့ရှိ နိုင်ငံရေးရာဆက်သွယ်ရေးအေဂျင်စီတွင် အကြံပေးအနေဖြင့် အလုပ်လုပ်လျက်ရှိသည်။

**Sharon P. Hickey** သည် International IDEA ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးအစီအစဉ်မှ တွဲဖက်အစီအစဉ်မှူးတစ်ဦးဖြစ်ပြီး ယင်းအစီအစဉ်အတွက် နှိုင်းယှဉ်လေ့လာနိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာလုပ်ငန်းစဉ်၊ ဒီဇိုင်းတို့နှင့် စပ်လျဉ်းသည့် အသိပညာများကို ပံ့ပိုးပေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အထောက်အပံ့ပြုလျက်ရှိပါသည်။

# မိတ်ဖက်များအကြောင်း

## International IDEA

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာအကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA) သည် လူသားအားလုံး၏မျှော်မှန်းချက်တစ်ရပ်ဖြစ်ကာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးကို ဆောင်ကျဉ်းပေးနိုင်သည့် ဒီမိုကရေစီစနစ် ကမ္ဘာတစ်ဝန်း၌ တိုးတက်ထွန်းကားရေးကို အဖွဲ့၏လုပ်ငန်းတာဝန်အဖြစ်ခံယူကာ အစိုးရများအကြား ချိတ်ဆက်ဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျွန်ုပ်တို့အနေဖြင့် ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံရေးအင်စတီကျူးရှင်းအဆင့်အားလုံးနှင့် လုပ်ငန်းစဉ်အဆင့်အားလုံးကို တည်ဆောက်၊ ခိုင်မာအားကောင်းစေပြီး အကာအကွယ်ပေးရန် ပံ့ပိုးထောက်ကူခြင်းဖြင့် ဆောင်ရွက်ပါသည်။ ကျွန်ုပ်တို့၏ မျှော်မှန်းချက်မှာ ဒီမိုကရေစီနည်းကျ လုပ်ငန်းစဉ်များ၊ လှုပ်ရှားဆောင်ရွက်သူများနှင့် အင်စတီကျူးရှင်းများသည် လူတိုင်းအကျုံးဝင်ကာ တာဝန်ခံမှုရှိစေပြီး လူတိုင်းအတွက် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်စေမည့် ကမ္ဘာကြီးကို ဖန်တီးရန်ဖြစ်သည်။

### ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များ

ကျွန်ုပ်တို့သည် အဓိကသက်ရောက်မှုနယ်ပယ်ကြီးသုံးရပ်ကို အဓိကထား၍ လုပ်ဆောင်ပါသည်။ ၎င်းတို့မှာ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေး လုပ်ငန်းစဉ်များနှင့် နိုင်ငံရေး၌ ပါဝင်ဆောင်ရွက်၊ ကိုယ်စားပြုမှုတို့ဖြစ်ကြသည်။ ဂျန်ဒါနှင့် လူတိုင်းအကျုံးဝင်မှု၊ ပဋိပက္ခများကို သတိပြုနားလည်မှု၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုတို့နှင့် စပ်လျဉ်းသည့် အကြောင်းအရာများကိုမူ ကျွန်ုပ်တို့၏လုပ်ငန်းနယ်ပယ်အားလုံးတွင် အလေးပေးထည့်သွင်းဆောင်ရွက်လျက်ရှိပါသည်။

International IDEA သည် ကမ္ဘာအနှံ့အပြားနှင့် ဒေသတွင်းရှိ ဒီမိုကရေစီနည်းကျ ဆောင်ရွက်မှုလမ်းကြောင်းများကို စိတ်ဖြာလေ့လာမှုများပြုလုပ်ပြီး ဒီမိုကရေစီနည်းကျ အလေ့အထများနှင့် စပ်လျဉ်း၍ နှိုင်းယှဉ်လေ့လာနိုင်သော အသိပညာများကိုပံ့ပိုးပေးသည်။ ဒီမိုကရေစီနည်းကျ လုပ်ငန်းစဉ်များတွင် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရာ၌ ပါဝင်သည့်လှုပ်ရှားဆောင်ရွက်သူများအတွက် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့များပေးခြင်းနှင့် စွမ်းရည်တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ပါသည်။ ထို့ပြင် ဒီမိုကရေစီ၊ ဒီမိုကရေစီတည်ဆောက်ရေးတို့နှင့် စပ်လျဉ်းသည့် အများပြည်သူဆိုင်ရာငြင်းခုံဆွေးနွေးမှုပြဿနာများအတွက် နှီးနှောဆွေးနွေးပွဲများကိုလည်း စီစဉ်ကျင်းပပေးပါသည်။

### ကျွန်ုပ်တို့လုပ်ငန်းတည်ရှိရာနေရာ

ကျွန်ုပ်တို့၏ ရုံးချုပ်များသည် စတော့ဟုမ်းမြို့တွင် တည်ရှိပြီး အာဖရိက၊ အာရှနှင့် ပစိဖိတ်၊ ဥရောပ၊ လက်တင်အမေရိကနှင့် ကာရေဘီးယန်းဒေသများတွင်လည်း ဒေသဆိုင်ရာနှင့် နိုင်ငံဆိုင်ရာရုံးများ ရှိပါသည်။ International IDEA သည် ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းစောင့်ကြည့်လေ့လာသူဖြစ်ပြီး ၎င်းကို ဥရောပသမဂ္ဂအဖွဲ့အစည်းများက တရားဝင်အသိအမှတ်ပြုထားသည်။

<https://www.idea.int>

## Edinburgh ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာစင်တာ

Edinburgh ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စင်တာ (ECCL) သည် စကော့တလန်နိုင်ငံနှင့် ယူကေနိုင်ငံ ပြည်သူ့ရေးရာဥပဒေ၊ ဓနသဟာယနှင့် နှိုင်းယှဉ်လေ့လာနိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လူ့အခွင့်အရေးဥပဒေ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဥပဒေ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဥပဒေ၊ ဒီမိုကရေစီစနစ်သို့ပြောင်းလဲရေးနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေဝါဒနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာသီအိုရီ အစရှိသည့် နယ်ပယ်အားလုံးတွင် ဆောင်ရွက်နေကြသည့်ဝန်ထမ်းများနှင့် ဘွဲ့ရသုတေသန ကျောင်းသားများအတွက် ဆုံမှတ်ရပ်ဝန်းတစ်ခုအနေဖြင့် တည်ရှိပါသည်။ ကျွန်ုပ်တို့အဖွဲ့ဝင်များသည် အဆိုပါနယ်ပယ်အားလုံးတွင် သုတေသနနှင့် သင်ကြားမှုများ ပြုလုပ်သည့်အပြင် ယူကေနိုင်ငံနှင့် အခြားနိုင်ငံများရှိ ပညာသင်ကြားရေး အဝန်းအဝိုင်းပြင်ပမှ အင်စတီကျူးရှင်းများအတွက်လည်း ကျွမ်းကျင်မှုများ ပံ့ပိုးပေးသည်။

ဝက်ဘ်ဆိုက် - <https://www.law.ed.ac.uk/research/research-centres-and-networks/edinburgh-centre-constitutional-law>

အီးမေးလ် - law@ed.ac.uk

တွစ်တာ - @UoELawSchool

School of Law
University of Edinburgh
Old College
South Bridge, EH8 9YL
United Kingdom

## PEACEREP

PeaceRep သည် Edinburgh Law School တွင် အခြေစိုက်သည့် သုတေသနအဖွဲ့များပေါင်းစုထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့ဆောင်ရွက်သည့် သုတေသနမှာ ပြောင်းလဲနေသော ပဋိပက္ခဆိုင်ရာ အတွန်းအရွေ့များ၊ ပြောင်းလဲနေသော လူတိုင်းအကျုံးဝင်ရေး လိုအပ်ချက်များနှင့် ပဋိပက္ခ/ဖျန်ဖြေမှု/ အသွင်ကူးပြောင်းမှု စီမံခန့်ခွဲရေးလုပ်ငန်းစဉ်များ၌ ကမ္ဘာတစ်ဝန်းကြားဝင်ကူညီမှုပုံစံ အပြောင်းအလဲများအရ ငြိမ်းချမ်းရေးနှင့် အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ခြင်းပင်ဖြစ်သည်။

PeaceRep တွင် လက်တွေ့အခြေပြု သုတေသနပြုချက်များကို ဖော်ထုတ်ရန်အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်နေကြသည့် ယာယီအဖွဲ့အစည်းများရှိသည်။ ၎င်းတို့မှာ Austrian Study Centre for Peace and Conflict Resolution, Conciliation Resources, Edinburgh Centre for Constitutional Law, International IDEA, Keele University, LSE IDEAS, LSE Middle East Centre, Queens University Belfast, University of St Andrews, and the University of Glasgow တို့ဖြစ်ကြသည်။ ကျွန်ုပ်တို့ ဖြစ်ရပ်လေ့လာမှု ကွင်းဆင်းပြုလုပ်သည့် နိုင်ငံများမှ မိတ်ဖက်နိုင်ငံအချို့လည်း ရှိပါသည်။

ဝက်ဘ်ဆိုက် - <https;://PeaceRep.org>
အီးမေးလ် - peacerep@ed.ac.uk
တွစ်တာ - @Peace_Rep_

**International IDEA**
စတွန်းစ်ဘော့ဂ်
SE- ၁၀၃၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ်- +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် - info@idea.int
ဝဘ်ဆိုဒ် - www.idea.int

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသူအမျိုးသမီးများ၏ တတိယအကြိမ်မြောက် နှစ်ပတ်လည် နှီးနှောဆွေးနွေးပွဲသို့ တက်ရောက်သူများသည် ဗဟုဝါဒ တရားဥပဒေစနစ်အတွက်လည်းကောင်း၊ ဓလေ့ထုံးတမ်း/ ဘာသာရေးစနစ်များနှင့် ဂျန်ဒါတန်းတူညီမျှမှုရှိရေး၊ ခွဲခြားဆက်ဆံမှုမရှိရေး အာမခံချက်များအကြား တင်းမာမှုများကို ပြေလည်အောင်ဖြေရှင်းခြင်းအတွက် လည်းကောင်း အသုံးပြုနိုင်သည့် နိုင်းယှဉ်လေ့လာနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ချဉ်းကပ်နည်းဒီဇိုင်း များကို စူးစမ်းလေ့လာခဲ့ကြသည်။ ဆွေးနွေးမှုများတွင် နည်းပညာဆိုင်ရာ အရေးကိစ္စများသာ မက ဂျန်ဒါတန်းတူညီမျှမှုဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေအာမခံချက်များကို အကောင်အထည် ဖော်ရာ၌ ကြုံတွေ့ရသည့်အောင်မြင်မှုများနှင့် စိန်ခေါ်မှုများကို ဆွေးနွေးခဲ့ကြပြီး သဟဇာတဖြစ် စေရေး၊ ပြုပြင်ပြောင်းလဲရေးနှင့် စွမ်းရည်မြှင့်တင်ရေးတို့အတွက် ဆန်းသစ်သောချဉ်းကပ်နည်း များကိုလည်း စူးစမ်းလေ့လာခဲ့ကြပါသည်။

ISBN: 978-91-7671-672-4 (PDF)
DOI: <https://doi.org/10.31752/idea.2023.58>